

# အရပ်ဘက်လူမှုအဖွဲ့အစည်း အကြောင်း အကျဉ်းချုပ်
# မြန်မာ

## တိုင်းပြည်နှင့်အစိုးရ နောက်ခံအခြေအနေ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် အရှေ့တောင်အာရှ ပင်မကုန်းမြေတွင် အကြီးဆုံးနိုင်ငံ ဖြစ်ပြီး ဧရိယာအားဖြင့် စတုရန်းကီလိုမီတာပေါင်း ၆၇၆၀၀၀ ကျယ်ဝန်းသည်။ မြန်မာနိုင်ငံကို အုပ်ချုပ်မှုအရ ပြည်နယ် ခုနစ်ခုနှင့် တိုင်းဒေသကြီး ခုနစ်ခု အဖြစ် ပိုင်းခြားထားသည်။ ပြည်ထောင်စုနယ်နိမိတ် ဖြစ်သော နေပြည်တော်သည် မြို့တော်ဖြစ်ပြီး တရားဝင်စာရင်း အရ လူဦးရေ တစ်သန်းခန့်ရှိကာ ယခင် မြို့တော် ဖြစ်သော ရန်ကုန်မြို့၏ မြောက်ဘက် ကီလိုမီတာ ၃၂၀ ခန့်တွင် တည်ရှိသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၏ လက်ရှိစာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁.၄[a] သန်း ရှိသည်။ ကွဲပြားသော တိုင်းရင်းသားလူမျိုးစုများ၊ ကိုးကွယ် ယုံကြည်မှုများ ရှိသည်။ တရားဝင်အသိအမှတ်ပြု ထားသည့် တိုင်းရင်းသား လူမျိုးစုပေါင်း ၁၃၅ မျိုးရှိပြီး ယင်း တို့ကို အဓိက တိုင်းရင်းသားမျိုးနွယ် ၈ မျိုး အဖြစ် ထပ်မံ ခွဲခြားထားသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP) သည် ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၇.၃% ရှိရာမှ ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ခန့်မှန်းခြေ ၇.၅% သို့ တိုးတက် လာသည်။ တိုင်းပြည်စီးပွားရေးသည် ၂၀၁၄ နှင့် ၂၀၁၅ ဘဏ္ဍာရေးနှစ်တို့တွင် ၇.၈% သို့ တိုးတက်မည်ဟု ခန့်မှန်းထားသည်။[b] တိုင်းပြည် စီးပွားရေးတွင် အဓိက ကျဆဲကဏ္ဍများမှာ စိုက်ပျိုးရေး - GDP ၏ ၃၀% ၊ စုစုပေါင်း အလုပ်အကိုင်၏ ၅၀% ကျော် - သဘာဝ သယံဇာတ တူးဖော်ခြင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံ နှင့် တရုတ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့တင်ပို့ ရောင်းချခြင်း တို့ဖြစ်သည်။ သတ္တုတွင်းနှင့် သစ်ထုတ်လုပ်ရေး လုပ်ငန်းများသည် တရားဝင်နှင့် တရားမဝင် စီးပွားရေး ကဏ္ဍများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင် လျှက် ရှိသည်။[c]

[a] United Nations Population Fund. 2014. First census results reveal Myanmar's population size to be 51.4 million. 30 August. http://countryoffice.unfpa.org/myanmar/2014/09/16/10550/first_census_results_reveal_myanmar_rsquo_s_population_size_to_be_51_4_million/

[b] ADB. 2014. *Asian Development Bank Outlook 2014: Fiscal Policy for Inclusive Growth.* Manila. pp. 212–213.

[c] See footnote b.

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၀ ကျော်ကြာသော စစ်အုပ်ချုပ်ရေး၊ ဗဟိုချုပ်ကိုင်မှုနှင့် ပြည်တွင်း ပဋိပက္ခ တို့မှလွန်မြောက်ပြီး နက်ရှိုင်းသော ပြုပြင် ပြောင်းလဲရေး ဖြစ်စဉ်ကို ဖြတ်သန်းလျှက် ရှိသည်။ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် အခြေခံဥပဒေ အသစ်ကို အတည်ပြုခဲ့ပြီး လွှတ်တော် စနစ်ပါဝင်သော အစိုးရကို ထူထောင်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်အဆင့်၊ပြည်နယ်/တိုင်းဒေသကြီး အဆင့် ရွေးကောက်ပွဲများ ကျင်းပခဲ့ပြီး ၊ ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ယင်းကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၃ နေရာ ရရှိခဲ့သည်။ နောက်တစ်ကြိမ် နိုင်ငံတော် အဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံရှိ အပြောင်းအလဲများသည် များမကြာခင်ကမှ ဖြစ်ပေါ်လာခဲ့ပြီး အဆိုးဖြစ်နိုင်သော အခြေအနေများလည်း ရှိနေဆဲဖြစ်သည်။ ပဋိပက္ခ၊ လူ့အခွင့်အရေးဆိုင်ရာနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဖြေရှင်းရန်ကိစ္စရပ်များသည် တိုင်းပြည်၏ အရှေ့မြောက်ဘက်တွင် ရှိနေပြီး ရခိုင်ပြည်နယ်တွင်းရှိ ကမန်မဟုတ်သော မွတ်ဆလင်များကို ပြုမူဆက်ဆံမှုများသည် အရေးကြီး ကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်လိုအပ်သော အလွန်ရှုပ်ထွေးသည့် ကိစ္စရပ်တစ်ခု အဖြစ် ရှိနေဆဲ ဖြစ်သည်။ အဓိက တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် နိုင်ငံတော်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ကောင်းမွန်သော အလားအလာရှိပြီး၊ မကြာခင်ကာလအတွင်းမှ ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု များသည် ငြိမ်းချမ်းရေး၊ အခွင့်အလမ်းနှင့် မြန်မာနိုင်ငံ သားများအတွက် ပိုကောင်းသော အနာဂတ်များအတွက် အထောက်အပံ့ဖြစ်ရန် အလားအလာများ ရှိနေသည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်း - အကျဉ်း

မြန်မာနိုင်ငံတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းသည် ဒေသအဆင့်တွင် ဘာသာရေးဆိုင်ရာ အစု အဖွဲ့များ အတွင်း တည်ရှိသည်။ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာ ဦးဆောင်သော လူမှုရေးဆိုင်ရာ လုပ်ဆောင်မှု များမှတဆင့် ပေါ်ထွန်းလာပြီး ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာ ရေး၊ ဒေသလူ့အဖွဲ့အစည်း၏ နေ့စဉ် လိုအပ်ချက်များ ကို ဖြည့်ဆည်းနိုင်ရေးစသည်တို့ကို ဦးတည်သည်။ အထူးသဖြင့် ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုအားနည်းပြီး လက်နက်ကိုင် ပဋိပက္ခရှိသော နေရာဒေသများတွင် အစဉ်အလာအားဖြင့် အစိုးရ ကသာ လုပ်ကိုင်သော ဝန်ဆောင်မှုများကို အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဝင်ရောက်လုပ်ကိုင် လေ့ရှိသည်။[1]

မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း ၃ မျိုးရှိသည်။ ယင်းတို့မှာ ရပ်ရွာလူထုကို အခြေခံသော အဖွဲ့ (CBO)များ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ (NGOs) တို့ ဖြစ်ကြသည်။

အခြေခံအဆင့်တွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများသည် ရပ်ရွာလူထုကို အခြေခံသောအဖွဲ့များ(CBOs) - တရားဝင်ပုံစံတကျ ဖွဲ့စည်းထားခြင်း မဟုတ်သော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအဖြစ် ကျေးရွာ အဆင့် များတွင် တည်ရှိသည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ အပါအဝင် လူမှုရေးနှင့် ဘာသာရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်သည်။ များစွာသော CBO များသည် ဘာသာရေးအခြေခံ အဖွဲ့အစည်းများဖြစ်ကြပြီး နာရေးကူညီခြင်း၊ မိသားစုနှင့် လူ့အဖွဲ့အစည်း အတွင်း အရေးပေါ် ကိစ္စများတွင် ရှိုင်းပင်းကြသည်။ CBO များတွင်ပုံမှန်အားဖြင့် လစာဖြင့် ခန့်ထားသော ဝန်ထမ်းများ မရှိကြပဲ၊ အသင်းဝင်များ သည်ပင်လျှင် အကျိုးကျေးဇူးရရှိ ခံစားသူများ ဖြစ်ကြသည်။ အစိုးရ၏ တရားဝင် စာရင်းမရှိသော်လည်း ခန့်မှန်းချက်တစ်ခုအရ မြန်မာနိုင်ငံတွင်း CBO စုစုပေါင်း အရေအတွက်မှာ ၂၁၄၀၀၀ ခန့်ဟု မှန်းဆသည်။[2]

အစိုးရမဟုတ်သော ဒေသခံအဖွဲ့အစည်းများ (LNGOs) သည် များသောအားဖြင့် မြို့ကြီးများ၊ မြို့နယ်များ၊ လူဦးရေ ထူထပ်များပြားသော နေရာများတွင် အခြေပြုပြီး ဒေသခံလူ့အဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိကာ ယေဘုယျအားဖြင့် ဝန်ထမ်းများ ခန့်ထားကြသည်။ ဤအဖွဲ့များတွင် လစာဖြင့် ခန့်ထားသော ကျွမ်းကျင်သည့် ဝန်ထမ်းများရှိပြီး အများအားဖြင့် အစိုးရထံတွင် မှတ်ပုံတင် ထားခြင်း မရှိကြပေ။ ဒေသတွင်းနှင့် တစ်နိုင်ငံလုံးလွှမ်းခြုံသော အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) ကွန်ရက်များ၊ တခါတရံတွင် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုဆက်စပ်လျက် ရှိနေ ကြသည်။ တိုင်းရင်းသား ဒေသများတွင် အစိုးရမဟုတ်သည့် ဒေသခံအဖွဲ့အစည်းများသည် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်စပ်မှုများရှိသည်။ မြန်မာနိုင်ငံတွင်းရှိ ကြီးမားသော အစိုးရ မဟုတ်သော ဒေသခံအဖွဲ့အစည်းအချို့သည် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများတွင် မှတ်ပုံတင်ထားရှိကြပြီး တခါတရံ အစိုးရ၊ ဖွံ့ဖြိုးရေးအေဂျင်စီများနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျေးလက် ဖွံ့ဖြိုးရေး၊ ပညာရေး၊ စိုက်ပျိုးရေးစသည်တို့အပါအဝင် ကဏ္ဍများစွာတို့တွင် ပါဝင်လုပ်ဆောင်လျက် ရှိသည်။

မြန်မာနိုင်ငံတွင်းရှိ အစိုးရမဟုတ်သော ဒေသခံ အဖွဲ့အစည်းများ (LNGOs)၏ အရေအတွက်နှင့် စပ်လျဉ်း၍ ခန့်မှန်းချက်များ ကွဲပြားကြသည်။ များမကြာခင်က ထုတ်ဝေသော စာတမ်းတစ်ခုအရ မြန်မာ နိုင်ငံတွင် LNGO ပေါင်း ၁၀၀၀၀ ကျော်ရှိသည်ဟုဆိုပြီး၊[3] ၂၀၀၃ ခုနှစ်တွင် Save the Children အဖွဲ့မှ ပြုလုပ်သော လေ့လာမှုတစ်ခု (မြန်မာနိုင်ငံအတွင်းရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများကို ပထမဦးဆုံး အသေးစိတ်လေ့လာမှု) အရ ယင်းအချိန်တွင် မြန်မာနိုင်ငံ တစ်ဝှမ်းတွင် LNGO ပေါင်း ၂၇၀ ရှိသည်ဟု ခန့်မှန်းသည်။[4] တိကျသော အရေအတွက် မည်မျှပင်ဖြစ်စေ နိုင်ငံတစ်ဝှမ်းလုံးတွင် ကျယ်ပြန့်ကွဲပြားသော အကျိုးစီးပွားများကိုခြုံငုံမိသော အစိုးရမဟုတ်သည့် ကဏ္ဍတစ်ခုသည် ကြီးထွားရှင်သန် အားကောင်းလျှက်ရှိနေသည်မှာ အသေအချာဖြစ်ပါသည်။

အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (INGOs) သည် မြန်မာနိုင်ငံတွင် ပိုမိုသက်ဝင် လှုပ်ရှားလျှက်ရှိပြီး ကွဲပြားခြားနားသော ကဏ္ဍများဖြစ်သည့် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ တရားဥပဒေစိုးမိုးရေး၊ မူဝါဒဆိုင်ရာတွန်းအားပေးမှု၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အခြားကိစ္စရပ်များ

အပါအဝင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာများတွင် ဝင်ရောက်လုပ်ကိုင်လျက် ရှိကြပါသည်။ ၁၉၉၀ ခုနှစ်မှ စတင်၍ အရေအတွက် အနည်းငယ်ဖြင့်သာရှိခဲ့သော INGO များသည် မြန်မာနိုင်ငံတွင်းသို့ လှိုင်း ၂ ခု အနေဖြင့် ဝင်ရောက်လာခဲ့ပါသည် - ၂၀၀၈ ခုနှစ် နာဂစ် ဆိုင်ကလုန်း မုန်တိုင်းလွန်ကာလ နှင့် ၂၀၁၁ ခုနှစ်ဦးပိုင်း အစိုးရအဖွဲ့သစ်ဖွဲ့စည်းပြီးစကာလ တို့တွင် ဖြစ်သည်။

ပြည်တွင်းအရပ်ဘက် လူမှုအဖွဲ့အစည်းများသည် နိုင်ငံတကာ ဖွံ့ဖြိုးရေးနှင့် အခွင့်အရေးအခြေခံသော အဖွဲ့အစည်းများနှင့် ပိုမို၍ ကွန်ရက် ဆက်စပ်နေလျှက် ရှိသည်။ များစွာသော INGOများသည် မကြာသေးမီ ကာလအတွင်း မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက် လာကြပြီး လုပ်ငန်းများချဲ့ထွင်လျက် ရှိကြသည်။ ပြည်တွင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် ထူးခြားသော အပြောင်းအလဲတစ်ခုမှာ နိုင်ငံရပ်ခြားမှ အကျိုးစီးပွား ဆက်နွယ်သူများသည် ပြည်တွင်းမှ လုပ်ငန်း လက်တွဲ လုပ်ဆောင်ဘက်၊ ကျွမ်းကျင်သောဝန်ထမ်း၊ လေ့ကျင့် သင်ကြားပေးရန် ပုဂ္ဂိုလ်များနှင့် လက်တွေ့ကျသော အကြံဉာဏ်များကို ရှာဖွေလာကြခြင်းဖြစ်သည်။ ရန်ကုန်မြို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများထံမှ မကြာခဏ ကြားရသည်မှာ ယင်းတို့သည် လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် လုပ်ကိုင် နေရသည်ထက် ဆွေးနွေးပွဲများ၊ သင်တန်းများတွင် အချိန်ကိုပိုမို သုံးစွဲနေရခြင်းဖြစ်သည်။ သို့သော်လည်း အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ အလွှာပေါင်းစုံတွင် ချိတ်ဆက်မှုများ ပိုမိုအားကောင်း လာနေပြီး ကွဲပြားသော အရပ်ဘက် လူမှုအဖွဲ့အစည်းအုပ်စုများ၊ ကွန်ရက်များ အတွင်း လုပ်ငန်းလုပ်ဆောင်မှုနှင့် ဆက်ဆံရေး ပုံစံသစ်များကို ဖော်ဆောင်လာနေပေသည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်း- သမိုင်းကြောင်း ရှုထောင့်

အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ ကနဦးအစကို မြန်မာနိုင်ငံတွင်း ပြန်ကြည့်လျင် ကျေးရွာ အဆင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများအဖြစ် တွေ့ရပါသည်။ ယင်းသည် လူ့အဖွဲ့အစည်းအတွင်း ဒေသခံလူများ လူမှုရေးနှင့် ဘာသာရေး ဆိုင်ရာများကို စုစည်း လုပ်ဆောင်ကြသော နည်းလမ်း တစ်ခု ဖြစ်ပါသည်။[5] ယင်းအချိန်မှစ၍ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ နှင့် မွတ်ဆလင် အပါအဝင် အခြား ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများသည် လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေး အစီအစဉ်များကို ထူထောင်ခဲ့ကြပြီး ဒေသတွင်းသာမက ယင်းတို့ လူမှုအဖွဲ့အစည်းများ ပြင်ပထိပါ တွင်ကျယ်စွာ လှုပ်ရှားခဲ့ကြပါသည်။ သမိုင်းကြောင်းအရ ယင်းဖွဲ့စည်းမှုများသည် ပုံစံတကျတိတိပပ ဖွဲ့စည်းစီစဉ်မှုများ မဟုတ်ပေ။ တရားဝင်မှတ်ပုံတင်ခြင်း၊ အသင်းဝင် သတ်မှတ်ခြင်းများမရှိဘဲ သက်ဆိုင်ရာကျေးရွာများတွင် အမျိုးမျိုးသော ဘာသာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုများ စုစည်းဆောင်ရွက်ရန် လူအများစုဝေးကြသော အသွင်သာ ဖြစ်ခဲ့ပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသောအခါတွင် ကျွမ်းကျင်မှုဆိုင်ရာအလိုက်၊ ကုန်သွယ်မှု၊ စေတနာ့ ဝန်ထမ်းစသည်ဖြင့် အသင်းအဖွဲ့များ များစွာ ပေါ်ပေါက်လာခဲ့သည်။ လွတ်လပ်ရေးကာလမှ ၁၉၆၂ ခုနှစ် (ဗိုလ်ချုပ်ကြီး နေဝင်းစစ်အာဏာသိမ်းချိန်) ကာလအတွင်း မြို့နယ် အခြေခံသောအသင်း အဖွဲ့များ ပေါ်ပေါက်ခဲ့သည်။ ယင်းတို့၏ ရည်ရွယ်ချက်မှာ နာရေး၊ သက်ကြီးရွယ်အိုများ၊ အခြားသော လူမှုဖူလုံရေးဆိုင်ရာ လိုအပ်ချက်များတို့ကို ဖြည့်ဆည်း ပံ့ပိုးပေးရန် ဖြစ်သည်။ တချိန်တည်းမှာပင် အရပ်ဘက် ဆိုင်ရာ၊ တိုင်းရင်းသား လူမျိုးဆိုင်ရာပဋိပက္ခများ ကြီးထွားလာခဲ့ပြီး လွတ်လပ်၍ ပွင့်လင်းသော အရပ်ဘက် လူ့ အဖွဲ့အစည်း ဖြစ်တည်ရေးဆိုင်ရာ အလားအလာများတွင် အကန့်အသတ်များ ရှိလာခဲ့ သည်။

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဦးနေဝင်းနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအောက်တွင် တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်၊ စစ်ပြန်များ စသည်တို့ အပါအဝင် အုပ်စုများအတွက် ကြီးမားသော အသင်းအဖွဲ့များကို ဖန်တီးခဲ့သည်။ ယင်းအစိုးရကဖွဲ့စည်းသော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (GONGOs) သည် လှုပ်ရှားမှုများကို ဆောင်ရွက်၊ လမ်းညွှန်မှုများ ပြုလုပ်ခဲ့ပြီး၊ ယင်းတို့ကို နိုင်ငံတော်မှ တင်းကျပ်စွာ ချုပ်ကိုင်ထားခဲ့သည်။ GONGO များတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့လည်း ပါဝင်ကြသည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက် လူမှုအဖွဲ့အစည်းအများစုမှာ

ပိတ်ပင်ခံရခြင်း၊ အစိုးရ၏ တင်းကျပ်သော ချုပ်ကိုင်မှုအောက်တွင် ထားရှိခြင်းများ ခံခဲ့ရသည်။ အစိုးရနှင့် အမြင်မတူ ဝိဝါဒကွဲပြားမှုများကို လက်မခံခဲ့ပေ။

ဦးနေဝင်းအုပ်ချုပ်စဉ် ကာလအတွင်း ဘာသာရေး အသင်းအဖွဲ့များနှင့် ယင်းတို့၏ နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများကို နိုင်ငံတော်က ပိုမိုတင်းကျပ်သော ချုပ်ကိုင်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ဦးနေဝင်းသည် နိုင်ငံတစ်ဝှမ်းလုံးရှိ ဘုန်းတော်ကြီးများ အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲရန် အစိုးရ ခန့်အပ်သော အမြင့်ဆုံးအဆင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးအဖွဲ့အဖြစ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကို ဖွဲ့စည်း ထူထောင်ခဲ့သည်။ ထိုသို့ ကန့်သတ်ထိန်းချုပ်မှုများ ရှိသော်လည်း ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများမှာ ရှင်သန် ကြီးထွားလျှက်ရှိသည်။

၁၉၉၈ ခုနှစ်တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC) (နောက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဟု အမည် ပြောင်းလဲခဲ့သည်) ဖွဲ့စည်းပြီးသည့် နောက် တပ်မတော်သည် လူထုအဖွဲ့အစည်း အသစ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီး၏ လွှမ်းခြုံမှုအောက်တွင် ထူထောင်ခဲ့သည်။ ယခုလက်ရှိ အုပ်စိုးနေသော နိုင်ငံရေးပါတီ ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ယင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကြီးကို အသွင်ပြောင်း ထားခြင်းဖြစ်သည်။

အစိုးရအရာရှိ တစ်ချို့နှင့် အငြိမ်းစားအရာရှိများ ထူထောင်ထားသော သက်ဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ် အလိုက်အဖွဲ့များနှင့် ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများသည် GONGO များဟူ၍ အတိအကျ သတ်မှတ်၍ မရသော်လည်း အစိုးရနှင့် လုံးဝကင်းရှင်းသည်မဟုတ်ပေ။ လက်ရှိအခါတွင် မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းတို့အပါအဝင် အဆိုပါ အဖွဲ့များသည် အရင်းအမြစ်များ ပြည့်ပြည့်စုံစုံရှိပြီး နည်းပညာ ကျွမ်းကျင်မှု မြင့်မားကြသည်။ များသော အားဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောအရဆက်စပ်မှုများရှိပြီး နိုင်ငံနေရာ အနှံ့အပြားတွင် တည်ရှိကြသည်။

## တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများ

၁၉၄၈ ခုနှစ်တွင် ကြီးမားသော တိုင်းရင်းသား မျိုးနွယ်စုများထံမှ အမျိုးသားရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့သည်။ အစိုးရသည် နိုင်ငံတွင်းနေထိုင်သူအားလုံးကို ဗဟိုအစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ထားရှိရန် ကြိုးစားရာမှ ဗမာလူမျိုးကြီးစိုးသော ဗဟိုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အကြား ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ယင်းတို့ကို အသိအမှတ်ပြုခံရရေး အားထုတ် ကြိုးပမ်းခြင်း၊ နယ်နိမိတ်များအပေါ် အုပ်စိုးမှုကို ခိုင်မာအောင်ပြုခြင်း၊ ယင်းတို့၏ တိုင်းရင်းသားလူမျိုးစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်အောင် ကြိုးစားခြင်းများ ပြုလာသည်နှင့် တစ်ပြိုင်တည်းမှာပင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ချိတ်ဆက်ထားသော ဝန်ဆောင်မှုပေးသည့် အဖွဲ့များ မှတဆင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို တိုးတက်ဖြည့်ဆည်းပေးလာကြသည်။[6]

၁၉၉၀ ပြည့်လွန်နှစ်များတွင်လက်မှတ်ရေးထိုးခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် များသည် တိုင်းရင်းသားဒေသများစွာတွင် လူမှုရေးနှင့်ကျန်းမာရေး ဆိုင်ရာဝန်ဆောင်မှု လိုအပ်ချက် များကို ဖြည့်ဆည်းရန် အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်စပ်သော အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပေါ်ပေါက် လာစေရန် အခွင့်အလမ်းသာစေခဲ့သည်။ ဥပမာအားဖြင့် ကချင် လွတ်မြောက်ရေးအဖွဲ့ (Kachin Independence Organization - KIO)နှင့် ဆက်နွယ်မှုရှိပြီး ကချင် ပြည်နယ်အတွင်း ထူထောင်ခဲ့သော LNGO များဖြစ်သော မေတ္တာ နှင့် Shalom ဖောင်ဒေးရှင်း (ယခု ငြိမ်းဖောင်ဒေးရှင်း) တို့ဖြစ်ကြသည်။[7]

ကိစ္စရပ်မျိုးစုံ၊ ကဏ္ဍမျိုးစုံတို့တွင် အထူးသဖြင့် ဗဟိုအစိုးရ၏ ချုပ်ကိုင်မှုအားနည်းသော နယ်မြေများတွင် ရပ်ရွာလူထုကို အခြေခံသောအဖွဲ့များ၊ အစိုးရ မဟုတ်သော ဒေသခံအဖွဲ့အစည်းများသည် တိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွင်းမှ အများအပြား ပေါ်ပေါက်လာခဲ့သည်။ အဖွဲ့များစွာအနက် လူငယ်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဆိုင်ရာတို့ကို ဦးတည်သော

အဖွဲ့များသည် လူ့အဖွဲ့အစည်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် အရေးပါသော လူမှုရေးဆိုင်ရာ ကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ပေါ်ပေါက်လာကြသည်။

၂၀၀၀ ခုနှစ်တွင် တိုင်းရင်းသားဒေသများ၊ မြန်မာပြည် အလယ်ပိုင်းဒေသများတို့တွင် အရပ်ဘက် လူမှုအဖွဲ့ အစည်း များပြားစွာ ပေါ်ပေါက်လာခဲ့သည်။ အကြောင်း ရင်းမှာ ယိုယွင်းနေသော လူမှု-စီးပွားရေး အခြေအနေ များနှင့် နိုင်ငံတော်က ပံ့ပိုးဖေါ်ဆောင်ပေးရမည့် အခြေခံ ဝန်ဆောင်မှုများ ကင်းမဲ့ နေခြင်းကြောင့် ဖြစ်သည်။ ယင်းအဖွဲ့များတွင် ယခင်ဖေါ်ပြခဲ့သော ဘာသာရေး၊ ပညာရေးနှင့် လူမှု ဖူလုံရေး အဖွဲ့အစည်း များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် လူ့ အဖွဲ့အစည်း ဖွံ့ဖြိုး တိုးတက်မှုကို ဦးတည် ဆောင်ရွက် သော အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင်သည်။[8]

၂၀၀၈ ခုနှစ် နာဂစ် ဆိုင်ကလုံးမုန်တိုင်းပြီးကာစနှင့် မကြာမီကာလက အစိုးရအပြောင်းအလဲ နှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများ ဖြစ်ပေါ်ပြီးနောက် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ဖွဲ့စည်း တည်ဆောက်ပုံ၊ အရင်းအမြစ်ဆိုင်ရာများ၊ အကျိုးစီးပွားဆက်စပ်သူများ၊ လုပ်ငန်းဆောင်ရွက်ပုံများ စသည်တို့တွင် နက်နဲသော ဆင့်ကဲပြောင်းလဲမှုများကို ဖြတ်သန်းခဲ့သည်။ ကွန်ရက် အသစ်များ ဖြစ်ပေါ် နေပြီး ရှိရင်းစွဲကွန်ရက်များမှာ ပိုမိုကျယ်ပြန့်လာနေသည်။ ဒေသတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်း လျှက်ရှိပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရ တို့သည် ပိုမိုပွင့်လင်းစွာဖြင့် အပြုသဘောဆောင်ကာ အပြန်အလှန်ဆက်ဆံမှုများ စတင်ပြုလုပ်လာကြသည်။ ပိုမို ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်အတွက် ဥပဒေ မူဘောင်များလည်းဖြစ်ထွန်းလာပြီး အချို့သော နေရာ များတွင် ပိုမိုလွတ်လပ်သော လှုပ်ရှားပြောင်းလဲမှုများ ရှိလာနေပေသည်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများမှအစပြု၍ နိုင်ငံတစ်ဝှမ်း လုံးတွင် အထူးသဖြင့် မြို့ပြနေရာများတွင် နိုင်ငံရေး ဆိုင်ရာ နယ်ပယ် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ရယူ သုံးစွဲ နိုင်သော အရင်းအမြစ်များ ပိုမိုများပြား လာခြင်း၊ အကျိုး စီးပွားဆက်စပ်သူများ ပိုမို ဝင်ရောက်လာခြင်း၊ ကွန်ရက် သစ်များနှင့် မဟာမိတ် အဖွဲ့များ ဖြစ်ထွန်းလာခြင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အစိုးရဘက်မှ ပိုမို လက်ခံလာခြင်းတို့ ဖြစ်ထွန်း လာ သည်။[9] အရပ်ဘက် လူမှုအဖွဲ့အစည်း များသည် ပိုမို သက်ဝင်လှုပ်ရှားလာပြီး ဒေသတွင်း၊ နိုင်ငံလုံး ဆိုင်ရာ နှင့် နိုင်ငံတကာလူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံတော် အစိုးရ စသည်တို့နှင့် ပိုမိုထိတွေ့ ဆက်ဆံမှုများ ပြုလာ ခဲ့သည်။

လွတ်လပ်သော သတင်းမီဒီယာများ၊ စုံစမ်း လေ့လာ သော အစီရင်ခံစာများ၊ ဆန့်ကျင်ကန့်ကွက် ခြင်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ စီစဉ်သော လူထု သိမြင်နားလည်မှုမြှင့်တင်ရေး အခမ်းအနားများ စသည် တို့ ပိုမိုများပြားလာပြီး ရလဒ်အားဖြင့် မြန်မာနိုင်ငံတွင်း ပွင့်လင်းမြင်သာမှု၊ သိမြင်နားလည်မှု၊ ပြည်သူလူထု လူမှုဘဝနှင့် ထိတွေ့ဆက်ဆံမှုများ ပိုမို တိုးတက်လာ ခဲ့သည်။

တချိန်တည်းမှာပင် နေရာများစွာတွင် တရားဥပဒေ ဆိုင်ရာနှင့် လက်တွေ့ပိုင်းဆိုင်ရာ ထိန်းချုပ် ကန့်သတ်မှု များ ရှိနေဆဲဖြစ်ပြီး အာဏာပိုင်များက အရပ်ဘက် လူမှု အဖွဲ့အစည်းများကို သံသယဖြင့် ရှုမြင်မှုများ ဆက်လက် ရှိနေသည်။ ငြိမ်းချမ်းစွာဆန္ဒပြရာတွင် ပါဝင်ခြင်း၊ အစိုးရ ၏လုပ်ဆောင်မှုများကို ဖော်ထုတ်ခြင်း တို့အတွက် လယ်သမားများ၊ တက်ကြွလှုပ်ရှားသူများ၊ စာနယ်ဇင်း သမားများကို တရားစွဲ ဆိုခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်း၊ ထောင်သွင်းချထားခြင်းများစွာ ရှိနေသည်။[10]

ယနေ့အခါတွင် ဖွံ့ဖြိုးရေးဦးတည်သော အရပ်ဘက်လူမှု အဖွဲ့အစည်းများစွာသည် ဝန်ဆောင်မှု ပေးအပ်ခြင်းကို အဓိကထားသော အစီအစဉ်များကို ဆက်လက် အကောင်အထည်ဖော်လျှက် ရှိနေပြီး ယင်းအစီအစဉ် များ အနက်မှ အရေအတွက်အနည်းငယ်ကို ယခုအခါ အစိုးရနှင့် ပူးပေါင်း ဆောင်ရွက် လုပ်ကိုင်လျက်ရှိသည်။ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းကြီးများနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်သည့် အစိုးရမဟုတ်သော ပြည်တွင်း အဖွဲ့အစည်းအချို့တို့သည် အစိုးရထံတွင် မှတ်ပုံတင်ထားခြင်း (သို့မဟုတ်) သက်ဆိုင်ရာ ပြည် ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် နားလည်မှု စာချွန်လွှာ ရေးထိုးထားခြင်းများ ပြုလုပ်ထားကြပြီး အဓိကအားဖြင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး တို့နှင့် ဆက်နွယ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှု

ဖူလုံရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဒေသတွင်းနှင့် နိုင်ငံတကာမှ လှုပ်ရှား ဆောင်ရွက်သူများနှင့် ချိတ်ဆက်မှုရှိသော ကြံ့ခိုင် တောင့်တင်းသော ဒေသခံ အဖွဲ့အစည်း ကွန်ရက်များသည် သဘာဝသယံဇာတ အရင်းအမြစ်စီမံခန့်ခွဲမှု၊ HIV နှင့် ခုခံအားလျော့နည်းကျဆင်းမှုရောဂါ၊ သမိုင်းဝင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ တရားဥပဒေ စိုးမိုးရေးနှင့် ဥပဒေဆိုင်ရာ တာဝန်ခံမှုများ၊ အလုပ်သမားဆိုင်ရာ၊ မြေယာ၊ ငါးလုပ်ငန်း၊ ငြိမ်းချမ်းရေး၊ နည်းပညာ၊ သန့်ရှင်းသော စွမ်းအင်၊ အကြီးစားဖွံ့ဖြိုးမှုလုပ်ငန်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများကို စောင့်ကြည့်ခြင်းနှင့် အခြားကိစ္စရပ်များတွင် တက်ကြွလှုပ်ရှား ကြသည်။ သယံဇာတများ တူးဖော်ထုတ်လုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရေး ဦးဆောင်လှုပ်ရှားမှု (EITI) အပါအဝင် ဤကွန်ရက်များသည် အများအားဖြင့် ရန်ကုန်မြို့တွင်အခြေစိုက် (သို့မဟုတ်) တည်ရှိကြသော်လည်း ကျေးရွာနှင့် မြို့နယ်အဆင့်များတွင်လည်း တက်ကြွလှုပ်ရှားမှုများရှိကြသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပိုမိုရရှိလာခြင်းနှင့် စပ်လျဉ်းသော သက်သေ အထောက်အထားမှာ သဘာဝသယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ ပုံနှိပ်လွတ်လပ်ခွင့်၊ ယဉ်ကျေးမှု အမွေအနှစ်၊ မြေယာ စသည်တို့ အပါအဝင် ထင်ရှားသော ရင်းနှီးမြှုပ်နှံမှုစီမံချက်များနှင့် အခွင့်အရေးကို အခြေခံသော ကိစ္စရပ်များတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း၏ တုံ့ပြန်လှုပ်ရှားမှုများပင် ဖြစ်ပါသည်။ ၁၉၉၀ နှင့် ၂၀၀၀ ပြည့်လွန်နှစ်များတွင် လူ့အခွင့်အရေးမှတ်တမ်းအပေါ် အခြေခံ၍ မြန်မာနိုင်ငံကို စီးပွားရေးဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် ဥရောပ၊ မြောက်အမေရိကနှင့် ဩစတြေးလျ အခြေစိုက် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများက သက်ဆိုင်ရာ အစိုးရများကို တိုက်တွန်းခဲ့ကြသည်။ ယနေ့အခါ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာသည်နှင့်အတူ ယင်းအဖွဲ့အစည်းများသည်လည်း မူဝါဒဆိုင်ရာ တိုက်တွန်းမှုဗျူဟာများကို ပြောင်းလဲ လာကြကာ နိုင်ငံအတွင်းဝင်ရောက် လုပ်ကိုင်လာကြပြီး ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကိစ္စရပ်များစွာတို့တွင် အတူတကွ လုပ်ကိုင်လျက်ရှိကြသည်။

အားကောင်းလှုပ်ရှားလျက်ရှိသော အရပ်ဘက် လူမှုအဖွဲ့အစည်း ပတ်ဝန်းကျင်အတွင်းတွင် အလျင် အမြန်အလုံးအရင်းဖြင့် ဝင်ရောက်လာသော ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်သော အဖွဲ့အစည်းများသည် လက်တွဲလုပ်ဆောင်ဘက်များ၊ အရည်အချင်းပြည့်ဝသော ဝန်ထမ်းများကို ရှာဖွေလျက်ရှိရာ ယင်းဖြစ်စဉ်သည် ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အထူးသဖြင့် ရန်ကုန်အခြေစိုက် အစိုးရ မဟုတ်သော ဒေသခံ အဖွဲ့အစည်းများ၏ လူသားအရင်းအမြစ်များကို ဝန်ပိစေသည့် အခြေအနေ သို့ ရောက်နေစေပါသည်။

တရားဥပဒေရေးရာနှင့် လက်တွေ့ဆိုင်ရာ အခက်အခဲများ ရှိနေသေးလင့်ကစား အရပ်ဘက်လူမှု အဖွဲ့အစည်းများ လှုပ်ရှားဆောင်ရွက်မှု၏ နယ်ပယ်သည် ယနေ့ မြန်မာနိုင်ငံတွင် ပိုမိုကျယ်ပြန့် လာသည်မှာ အထင်အရှား ဖြစ်ပါသည်။

## အစိုးရ- အရပ်ဘက်လူမှုအဖွဲ့အစည်း ဆက်ဆံရေး

မြန်မာနိုင်ငံအစိုးရသည် တင်းကျပ်သော ဗဟိုချုပ်ကိုင်မှုကို ဆက်လက် ထားရှိနေသော်လည်း အစိုးရ - အရပ်ဘက် လူမှုအဖွဲ့အစည်း ဆက်ဆံရေးဆိုင်ရာ မြင်ကွင်းမှာ လျင်မြန်စွာ ပြောင်းလဲလျက်ရှိနေ ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုနယ်ပယ်မှာ ကျယ်ပြန့် လာပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အကျိုးစီးပွားဆက်နွယ်သူများသည် ကျေးရွာ၊ ကျေးရွာအုပ်စု၊ (ရပ်ကွက်များ)၊ မြို့နယ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ပြည်ထောင်စုအဆင့် တို့တွင် အစိုးရနှင့်အတူ အလုပ်လုပ်ကိုင်ခြင်း၊ လွှမ်းမိုးနိုင်ရန်ကြိုးပမ်းခြင်း၊ ချိတ်ဆက် လုပ်ကိုင်ခြင်းစသည်တို့ကို ဆောင်ရွက်လျှက် ရှိကြပါသည်။

ဒေသအဆင့်တွင် မြို့နယ်၊ကျေးရွာအုပ်စု၊ ရပ်ကွက်အဆင့်အရာရှိများနှင့် လက်တွဲလုပ်ဆောင် ခြင်းများ ပါဝင်ပါသည်။ လက်ရှိအခါတွင် ဒေသခံ လူ့အဖွဲ့အစည်းများသည် ဆယ်အိမ်မှူးများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ရွေးကောက် တင်မြောက်လျက်ရှိပါသည်။ မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌကို သက်ဆိုင်ရာလူ့အဖွဲ့အစည်းက ရွေးကောက်

တင်မြောက်ပြီး မိမိ၏ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် မည်သည့်စီမံကိန်းများ အကောင်အထည် ဖော်မည်ကို ယင်းပုဂ္ဂိုလ်က ဆုံးဖြတ်မည်ဖြစ်သည်။ များမကြာမီကာလက ကျေးရွာများတွင် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲရန် တိုက်တွန်းမှုများ ရှိခဲ့သော်လည်း အကောင်အထည်ဖော် ဆောင်ရွက်မှု အပိုင်းတွင်မူ အနည်းငယ်မျှသာ ရှိနေပေသေးသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် မူဝါဒအဆင့်နှင့် အချို့သော ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ အာဏာပိုင်များနှင့် ထိတွေ့လုပ်ကိုင်လျက်ရှိသည်။ ယင်းသို့ လုပ်ကိုင်ရာ တွင် (အစိုးရ၏ အစီအစဉ်များအတိုင်း လိုက်နာ လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ) ယင်းတို့၏ အစီအမံအတိုင်း ထိတွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ ပထမဆုံး ပြည်နယ် အဆင့် ပြည်သူ့ဖိုရမ်ကို မွန်ပြည်နယ်တွင် ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့ပြီး အရပ်ဘက် လူမှုအဖွဲ့အစည်း ၇၅ ဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ကာ ဒီမိုကရေစီ ထွန်းကားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေး ဖြစ်စဉ်၊ လူ့အခွင့်အရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုး တိုးတက်ရေး တို့အပါအဝင် ကိစ္စရပ်များနှင့် ဆက်စပ် သော အကြံပြုတိုက်တွန်းချက်များကို ဗဟိုနှင့် ပြည်နယ် အစိုးရများဆီသို့ တင်ပြခဲ့ကြသည်။ အလားတူဖိုရမ် များကို လာမည့်နှစ်များတွင် ပြည်နယ်နှင့် တိုင်းဒေသ ကြီးများအားလုံးတွင် ကျင်းပနိုင်ရန် မျှော်မှန်း ထားသည်။[11]

နိုင်ငံတော်အဆင့်တွင် မူဝါဒဖန်တီးရေး၌ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ အကြံဉာဏ်ကို အစိုးရဖက်မှ ပိုမို လက်ခံလာသည်။ အသင်းအဖွဲ့မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေကြမ်း ရေးဆွဲရာတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် ဆွေးနွေးခဲ့သည်။ အလုပ်ရုံဥပဒေ၊ လူမှုဖူလုံရေးဥပဒေ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး ဥပဒေဆိုင်ရာ ဆွေးနွေးပွဲတွင် ကုန်သွယ်မှု အသင်းအဖွဲ့ များမှ ကိုယ်စားလှယ်များကို တက်ရောက် စေခဲ့သည်။ လွှတ်တော်မှ ပြဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဥပဒေအဖြစ် အတည်ပြုခဲ့သော မီဒီယာဥပဒေအတွက် နည်းဥပဒေများကို ယာယီစာနယ်ဇင်းကောင်စီက ရေးဆွဲ ခဲ့သည်။

နိုင်ငံတော်အဆင့် အုပ်ချုပ်မှု ဆိုင်ရာများတွင် အရပ် ဘက်လူမှုအဖွဲ့အစည်းများ နေရာပိုမိုရလာခြင်း အတွက် မြင်သာသော နောက်ထပ်ဥပမာများမှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးရေးကဏ္ဍ အလိုက် လုပ်ငန်း အဖွဲ့များတွင် ပါဝင်လာခြင်း၊ နိုင်ငံတော် အကူအညီ အစီအစဉ်၊ နိုင်ငံတော်အဆင့် မဟာဗျူဟာ ချမှတ်ရေး တို့တွင် ပါဝင်လာခြင်း၊ သယံဇာတများ တူးဖော်ထုတ် လုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရေး ဦးဆောင် လှုပ်ရှား မှု၊ အကျိုးစီးပွားဆက်နွယ်သူ မျိုးစုံပါဝင်သည့် အုပ်စု အဖွဲ့များတွင် ပါဝင်လာခြင်းတို့ဖြစ်သည်။

အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားခွင့်နှင့် လုပ်ငန်း ဆောင်တာများ တိုးတက်လာ သကဲ့သို့ နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အချို့ တို့သည်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမို ပူးပေါင်းဆောင်ရွက်လာခြင်းကို အသားကျလာကြပြီး ယင်းအကျိုးစီးပွား ဆက်နွယ်သူများ၏ တန်ဖိုးရှိသော အခန်းကဏ္ဍကို သိမြင်လာကြသည်။ သို့သော် ယင်းကဲ့ သို့ ပြောင်းလဲမှုသည် အများစုအားဖြင့် ပြည်ထောင်စု အဆင့်၊ ပြည်နယ်၊ ဒေသတွင်းနှင့် မြို့နယ် အဆင့် အုပ်ချုပ်ရေးအဖွဲ့များအတွင်းတွင် ညီတူမျှတူ မဖြစ်ပေါ် ခဲ့ပေ။ အဆိုပါအုပ်ချုပ်ရေးအဖွဲ့များတွင် အများစုမှာ ယခင် တပ်မတော်အုပ်ချုပ်ရေးဘက်မှ ရောက်လာခဲ့သူ များ ဖြစ်ကြသည်။

အချို့သော ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ ဦးစီး ဌာနများ၊ အထူးသဖြင့် ကျန်းမာရေး ဝန်ကြီးဌာန၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုး ရေး ဦးစီးဌာနတို့သည် အရပ်ဘက် လူမှုအဖွဲ့အစည်း များနှင့် တက်ကြွစွာထိတွေ့ ဆက်ဆံလုပ်ကိုင်လျက် ရှိကြပြီး ADB နှင့် ကမ္ဘာ့ဘဏ်တို့၏ ငွေကြေးပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်သော HIV နှင့် AIDS တားဆီး ရေး၊ လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်းများ အပါအဝင် ယင်းတို့၏ လုပ်ဆောင်ချက်များတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ရေးကို စေ့ဆော် လျက် ရှိသည်။

အရေးပါသော မူဝါဒဆိုင်ရာ နယ်ပယ်များတွင် အရပ် ဘက် လူမှုအဖွဲ့အစည်းများ၏ ပါဝင် ဆောင်ရွက်သော အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာနေသော်လည်း ၂၀၀၈

ခုနစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အဆိုပြုခြင်း၊ အစိုးရမဟုတ်သော လက်နက်ကိုင် တပ်ဖွဲ့များနှင့် လက်ရှိ ဖြစ်ပေါ်နေသော ငြိမ်းချမ်းရေး ဆွေးနွေး ညှိနှိုင်း တိုင်ပင်မှုများ စသည်တို့အပါအဝင် အချို့သော နယ်ပယ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင် ဆောင်ရွက်ရေးအတွက် လက်လှမ်းမမီနိုင်သော (သို့မဟုတ်) အန္တရာယ်ရှိသော အခြေအနေများ ရှိနေဆဲ ဖြစ်သည်။[12]

အစိုးရကိုဦးတည်၍ မူဝါဒပိုင်းဆိုင်ရာ တိုက်တွန်းမှုများ ပြုလုပ်သော အရပ်ဘက်လူမှုအဖွဲ့အစည်း များမှလွဲ၍ များစွာသော အရပ်ဘက် လူမှုအဖွဲ့အစည်းတို့သည် လက်ငင်း အခြေအနေများနှင့် လိုက်လျော ညီထွေစွာ လုပ်ကိုင်ကြသည်။ အထူးသဖြင့် ဒေသအဆင့်တွင် လုပ်ကိုင်ကြပြီး ပွင့်ပွင့်လင်းလင်း နိုင်ငံရေး ဆန်စွာ လုပ်ကိုင်ကြခြင်းမရှိပေ။ လက်ရှိအခြေအနေကိုသာ လက်ခံထားကြပြီး ယင်းတို့၏ လုပ်ဆောင်မှုများ အတွက် နယ်ပယ် ပိုမိုကျယ်ဝန်းလာစေရန် ဦးတည်ကြသည်။[13]

## အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

မြန်မာနိုင်ငံတွင် အစိုးရ၊ တိုင်းရင်းသားနှင့် အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ အကြား ကာလကြာရှည်သော လက်နက်ကိုင်ပဋိပက္ခ တည်ရှိနေခဲ့သည်။ ၂၀၁၀ ခုနစ် ရွေးကောက်ပွဲအပြီးတွင် အစိုးရ အသစ်သည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဦးစားပေးခဲ့သည်။ ၂၀၁၄ ခုနစ် ဩဂုတ်လတွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အများစုတို့ နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေး ပြုခဲ့ပြီး နိုင်ငံတဝှမ်း တညီတညွတ်တည်း အပစ်အခတ်ရပ်စဲရေးသို့ အတူတကွ လုပ်ဆောင်ခဲ့ကြသည်။ ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်သော ကိစ္စရပ်များစွာအနက် အဓိကအချက်များအပေါ် သဘောတူညီမှုရရှိခဲ့သည်။ စိန်ခေါ်မှုများစွာ ကျန်ရှိနေသော်လည်း လာမည့်နှစ်တွင် နိုင်ငံတစ်ဝှမ်းလုံး အပစ်အခတ် ရပ်စဲရေးသည် အသွင်သဏ္ဌာန်တစ်မျိုးဖြင့် ပေါ်ပေါက်လာနိုင်သော အလားအလာရှိနေသည်။

သမိုင်းကြောင်းအရ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကသာ လွှမ်းမိုးထားခဲ့သောကြောင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ ယင်းဖြစ်စဉ်တွင် မှေးမှိန်နေခဲ့သည်။[14] နိုင်ငံရေး ပတ်ဝန်းကျင် ပြောင်းလဲလာသည်နှင့်အမျှ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်သော အချို့ကိစ္စရပ်များ အပါအဝင် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ပိုမို ထိရောက်သော အခန်းကဏ္ဍမှ ပါဝင်လာကြသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးနှင့် ဆက်စပ်သော သင်တန်းများ ပို့ချခြင်း၊ ပြည်သူအများနှင့် ငြိမ်းချမ်းရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အပစ်အခတ် ရပ်စဲရေးဆိုင်ရာ စောင့်ကြည့်မှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက် လာကြသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့တွင် အရပ်ဘက် လူမှုအဖွဲ့အစည်း ခေါင်းဆောင်အချို့သည် နည်းပညာဆိုင်ရာ အဖွဲ့ဝင်များ အဖြစ်ပါဝင်ပြီး လူထုအဆင့်မှ ပံ့ပိုးမှု၊ ကူညီမှုများ ပြုကြသည်။ အစိုးရမဟုတ်သော ဒေသခံအဖွဲ့အစည်းများ(LNGO)၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ(INGO) တို့သည် တိုင်းရင်းသား အဖွဲ့အစည်းများနှင့်အတူ အစိုးရမဟုတ်သော လက်နက်ကိုင် တပ်ဖွဲ့များနှင့် အစိုးရတို့အကြား တွေ့ဆုံ ဆွေးနွေးမှုများကို ပံ့ပိုးပေးရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်ရေးအတွက် ဆွေးနွေး တိုင်ပင်မှုများတွင် ပံ့ပိုးဆောင်ရွက်ရန် စသည်ဖြင့် တိုးတက်လုပ်ဆောင်လျက်ရှိနေကြသည်။[15]

သို့သော်လည်း လက်ရှိဖြစ်စဉ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပြည့်ဝစွာပါဝင်ဆောင်ရွက် နိုင်ရေးအတွက် သိသာထင်ရှားသော အတားအဆီးများ ရှိနေဆဲဖြစ်သည်။ စစ်အုပ်ချုပ်ရေး၏ အမွေဆိုးများကြောင့် နိုင်ငံရေးနယ်ပယ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တိုက်ရိုက်ပါဝင် ဆောင်ရွက်လိုမှုနည်းပါးနေခြင်း၊ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား ဆက်ဆံရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုမရှိခြင်း၊ အကျိုးစီးပွား ဆက်နွယ်သူများအကြား အပြန်အလှန် အယုံအကြည်

ကင်းမဲ့မှု သိသာထင်ရှားစွာရှိခြင်း၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းအတွက် တရားဝင်အခန်းကဏ္ဍ မရှိခြင်း စသည်တို့ဖြစ်သည်။[16] ဤအရေးပါသော နောက်ဆုံးကိစ္စရပ်တွင် စီစဉ်ထားပြီး ဖြစ်သော နိုင်ငံတစ်ဝှမ်းလုံးအပစ်အခတ် ရပ်စဲရေး အစီ အစဉ်ပြီးနောက် ဖြစ်ပေါ်လာမည့် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အခန်း ကဏ္ဍနှင့်စပ်လျဉ်းပြီး သဘောထားကွဲလွဲမှုများ ရှိနေကြသည်။ မြန်မာအစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်း ရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) သည် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများပါဝင်ရေးကိုခွင့်ပြုရန် အဆိုပြုပြီး အချို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များကမူ အရပ်ဘက် လူမှုအဖွဲ့ အစည်းများကို လေ့လာ သူအဖြစ်သာ ပါဝင်စေလိုကြသည်။ ယင်းတို့က ငြိမ်း ချမ်းရေးဖြစ်စဉ်တွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများ အနေဖြင့် ကျန်သူများနှင့် တန်းတူရည်တူ ဆုံးဖြတ်ချက် ချပိုင်ခွင့် ရှိသည်ဟု မယုံကြည်ကြပေ။ အဆိုပါ အဖွဲ့များ အနေဖြင့် အစိုးရသည် အရပ်ဘက် လူမှုအဖွဲ့အစည်း များကို အသုံးချပြီး ဆွေးနွေးပွဲကို လွှမ်းမိုးရန် ကြိုးပမ်း မည်ကို စိုးရိမ်ပူပန်ကြခြင်းဖြစ်သည်။ အချို့သော နိုင်ငံရေးပါတီများကလည်း အကယ်၍ အရပ်ဘက် လူမှု အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင် ခွင့် ပြုလိုက်ပါက ဆွေးနွေးပွဲတွင်ပါဝင်သူအလွန်များလာပြီး သဘောတူညီချက်တစ်စုံတစ်ရာ ရရှိရန် မဖြစ်နိုင်တော့ သည့် အခြေအနေသို့ရောက်ရှိမည်ကို စိုးရိမ်ပူပန် ကြောင်း ထုတ်ဖော်ပြောဆို ကြသည်။

## အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် ဥပဒေ မူဘောင်

တရားဥပဒေ စိုးမိုးမှုထွန်းကားရေးနှင့် တက်ကြွပြီး လွတ်လပ်သော အရပ်ဘက်လူမှုအဖွဲ့အစည်း မြန်မာ နိုင်ငံတွင် ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ရာ တွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိခဲ့ပြီဖြစ် သော်လည်း သိသာထင်ရှားသော စိန်ခေါ်မှုများလည်း ကျန်ရှိနေဆဲပင်ဖြစ်သည်။

အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲမှုများမှာ ထုတ်ဝေခြင်းမပြုမီ မီဒီယာများ ဆင်ဆာ ဖြတ်ခြင်းကို အဆုံးသတ်လိုက်ခြင်း၊ စာနယ်ဇင်းများ၏ လွတ်လပ်ခွင့်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကာ အကွယ်၊ မြေယာအခွင့်အရေးများနှင့် စပ်လျဉ်းသော ဥပဒေသစ်များ မူဝါဒသစ်များ ပြဋ္ဌာန်းသုံးစွဲခြင်း တို့ဖြစ် ကြသည်။

သို့သော်လည်း အချို့သော ဥပဒေသစ်များကို အသုံးပြု ၍ နိုင်ငံသားများ၏ အခြေခံအခွင့်အရေး များကို ခံစားခွင့် မရှိအောင် ပြုမူခြင်းများရှိနေခြင်း၊[17] ဥပဒေများ သည် မြန်မာစစ်တပ်နှင့်ကုမ္ပဏီများ၏ မြေယာ သိမ်း ဆည်းမှုများမှ ကာကွယ်ပေးရန် လုံလောက်မှုမရှိခြင်း စသည်တို့ကို ကုလသမဂ္ဂ၏ ယခင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၊ လူ့အခွင့်အရေး အုပ်စုများ၊ မြန်မာနိုင်ငံ အရပ်ဘက် လူမှု အဖွဲ့အစည်း များက စိုးရိမ်မှုများရှိနေကြောင်း ပြောဆိုကြပါသည်။[18] မြေယာအတင်းအဓမ္မသိမ်းယူခြင်းနှင့် အခြား မြင်တွေ့ ရသော အလွဲသုံးစားပြုမှုများ အဆုံးသတ် စေရေး တောင်းဆိုရန် စုဝေးကြသော လူပုဂ္ဂိုလ်များ၊ ဆန္ဒပြသူ များကို ယင်းအချိန်တွင် တည်ရှိသော တရားဥပဒေများ အရ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ထိန်းသိမ်းခြင်း၊ အပြစ်ဒဏ်ချမှတ်ခြင်းများ ရှိကြောင်း အစီရင်ခံမှုများ ရှိနေ ခဲ့ပါသည်။[19]

ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတို့သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈၊ ၁၉၈၀ ခုနှစ် မတရားအသင်းအက်ဥပဒေ၊ အဖွဲ့ အစည်းများဖွဲ့စည်းခြင်းဆိုင်ရာ ၁၉၈၈ ခုနှစ် ဥပဒေ စသည်တို့ အပါအဝင် ယင်းသို့သော ဥပဒေများကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် မြန်မာအစိုးရအား တောင်းဆို ခဲ့ကြသည်။ မြန်မာအစိုးရသည်လည်း ယင်းဥပဒေများ စွာတို့ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် စဉ်းစားနေပြီး လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ကြိုးစားအားထုတ် ရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရှိခဲ့သည်။ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြင်ဆင်ခဲ့သည်။ ကြိုတင်ခွင့်ပြုမိန့်တောင်းခံရန် လိုအပ် ချက်ကို ဖြေလျော့ပေးခဲ့ပြီး ယင်းဥပဒေကို ချိုးဖောက် ခြင်းအတွက် အမြင့်ဆုံးပြစ်ဒဏ်ကိုလည်း လျော့ချ

ခဲ့သည်။[20] အကယ်၍ ဆန္ဒပြမှုသည် တိုင်းပြည်၊ ပြည်ထောင်စု၊ လူမျိုးတစ်ခု၊ ကိုးကွယ်ရာ ဘာသာ တစ်ခု၊ လူသားဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား ဆိုင်ရာများကို ထိခိုက်စေသည်ဟု အာဏာပိုင်များအနေဖြင့် ယုံကြည်ရန် အကြောင်း ရှိလျှင် ဆန္ဒပြခြင်းကို ခွင့်ပြုရန် အာဏာပိုင်များက ငြင်းပယ်ပိုင်ခွင့် ရှိသည်။ ဆန္ဒပြရာတွင် အသုံးပြုမည့် ကြွေးကြော်သံများကို ကြိုတင် ခွင့်ပြုမှုရယူရန် လိုအပ်ဆဲဖြစ်သည်။[21]

၂၀၁၄ ခုနှစ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သိသာ ထင်ရှားစွာ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေကို လွှတ်တော်မှ အတည်ပြုပြီး နိုင်ငံတော် သမ္မတက လက်မှတ်ရေးထိုးခဲ့သည်။ ယင်း ဥပဒေတွင် အစိုးရမဟုတ်သော ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအတွက် မိမိသဘောဆန္ဒအလျောက် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မှတ်ပုံ မတင်လိုသော အဖွဲ့အစည်းများအတွက် ပြစ်ဒဏ် ကန့်သတ်ချက်များ မထားရှိခြင်း စသည်တို့အပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အစိုးရထံတွင် မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဖော်ပြထားသည်။[22]

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအစည်းအရုံး (ILO)၏ အကူအညီဖြင့် ရေးဆွဲခဲ့ပြီး ၂၀၁၁ ခုနှစ် နှင့် ၂၀၁၂ ခုနှစ်တို့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများသည် မြန်မာနိုင်ငံတွင်းရှိ အလုပ်သမားများ၏ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းပိုင်ခွင့်နှင့် အစုအဝေးအလိုက် အရေးဆိုပိုင်ခွင့်များကို များစွာတိုးတက်စေခဲ့သည်။ အလုပ်သမား အစည်းအရုံးဥပဒေ(၂၀၁၂)၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ (၂၀၁၂) တို့သည် အလုပ်သမားများကို လွတ်လပ်စွာ အသင်း ဖွဲ့စည်းခြင်း၊ ကုန်သွယ်မှုသမဂ္ဂများ ( အလုပ်သမား သမဂ္ဂများ) ဖွဲ့စည်းခြင်း နှင့် သပိတ်မှောက်ခြင်းများကို ခွင့်ပြု ခဲ့သည်။

ကြိုတင် ဆင်ဆာဖြတ်ခြင်းများကို ၂၀၁၂ ခုနှစ်တွင် ပယ်ဖျက်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်တွင် မီဒီယာ ဥပဒေအသစ်နှစ်ခုကို အတည်ပြုခဲ့သည်။ တစ်ခုမှာ အစိုးရက ရေးဆွဲခဲ့သော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေဖြစ်ပြီး[23] ကျန်တစ်ခုမှာ ယာယီစာနယ်ဇင်းကောင်စီက ရေးဆွဲခဲ့သော မီဒီယာဥပဒေ ဖြစ်သည်။[24] အကျင့် ပျက်ခြစားမှုဆိုင်ရာစွပ်စွဲချက်များကို ဖော်ထုတ်ခြင်းနှင့် အာဏာရှိသော ပုဂ္ဂိုလ်များ၏ အကျိုးစီးပွားများကို စိန်ခေါ်မှုများအတွက် ဂျာနယ်လစ်အချို့တို့ကို တရားစွဲဆိုခြင်း၊ ထောင်ဒဏ် ချမှတ်ခြင်းများ ပြုခဲ့သည့်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက စိုးရိမ်မကင်း ဖြစ်ခဲ့ကြသည်။[25]

အခြား စိုးရိမ်မကင်းဖြစ်ဖွယ်များမှာ အစိုးရ အုပ်ချုပ်ရေးမဏ္ဍိုင်၏ ချုပ်ကိုင်မှုအောက်တွင် ရှိနေဆဲဖြစ်သော တရားစီရင်ရေးမဏ္ဍိုင်နှင့်[26] တရားရေးစနစ်အတွင်း စဉ်ဆက်မပြတ် ရှိနေသော အကျင့်ပျက်ခြစားမှုဆိုင်ရာ စွပ်စွဲချက်များဖြစ်သည်။[27]

## လွှမ်းခြုံ ချိတ်ဆက်သော အဖွဲ့အစည်းများ

မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများ(INGOs)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)နှင့် ရပ်ရွာလူထုအခြေခံအဖွဲ့အစည်းများ (CBOs) သည် အကြောင်းအရာ အမျိုးအစားအလိုက် (သို့မဟုတ်) ကိစ္စရပ်များပေါ်အခြေခံသော မဟာမိတ်အဖွဲ့များ၊ လွှမ်းခြုံသော အုပ်စုများ၊ ကွန်ရက်များကို ဖွဲ့စည်း (သို့မဟုတ်) ပါဝင်ချိတ်ဆက်ကြသည်။ ယင်းတို့အနက် ထင်ရှားသည်တို့မှာ-

### ဖွံ့ဖြိုးရေး မဏ္ဍိုင်အဖွဲ့ ( LRC)

၂၀၀၈ခုနှစ်တွင် ပြည်တွင်းနှင့်နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် နာဂစ်ဆိုင်ကလုံး မုန်တိုင်းဒဏ်ကို တုံ့ပြန်ဆောင်ရွက်ရာတွင် ဒေသတွင်းနှင့်နိုင်ငံတကာမှ အဖွဲ့အစည်းများကို ပိုမိုချိတ်ဆက်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီနိုင်ရန် ဖွဲ့စည်းခဲ့သည်။ LRC သည် ရန်ကုန်မြို့တွင် ရုံးချုပ်တည်ရှိပြီး ဒေသဆိုင်ရာရုံးများကို မန္တလေး၊ လားရှိုး၊ မော်လမြိုင်မြို့များတွင်ထားရှိသည်။ ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်း ၆၀၀ကျော် ကို ချိတ်ဆက်ပေးသော အဖွဲ့အစည်းတစ်ခု အဖြစ်ဆောင်ရွက်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်း ကွန်ရက် ၃၀ ကျော်နှင့်လည်း ချိတ်ဆက်ထားသည်။ LRC သည် ယခုအခါ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သတင်းအချက်အလက် မျှဝေခြင်းတို့မှတဆင့် အင်စတီကျူးရှင်းများ ဖွံ့ဖြိုးရေးကိုမြှင့်တင်ကာ ဌာနေအရပ်ဘက်လူမှုအဖွဲ့အစည်း များ

ဖွံ့ဖြိုးရေးကို စူးစိုက်ဆောင်ရွက်လျက် ရှိသည်။ LRC သည် အခြားပြည်သူအများ၊ ပုဂ္ဂလိက အကျိုးစီးပွား ဆက်နွယ်ပတ်သက်သူများနှင့် အရပ်ဘက် လူမှုအဖွဲ့ အစည်းများ အတူအကွ ထိတွေ့ချိတ်ဆက် လုပ်ကိုင်နိုင် ကြစေရန် အခြေအနေများကို ဖန်တီးပေးလျက်ရှိသည်။ ကျယ်ပြန့်သော ဆွေးနွေးမှုများ၊ သုတေသန အခြေခံ သော မူဝါဒဆိုင်ရာ တိုက်တွန်းမှုများမှတဆင့် LRC သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမို ထိတွေ့ လုပ်ဆောင် လာနိုင်စေရေးအတွက် ကောင်းမွန်သော မူဝါဒဆိုင်ရာပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်ရန်၊ မြန်မာ နိုင်ငံတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်း များအကြား ရှင်သန်အားကောင်းသော စုပေါင်းဆောင်ရွက်သည့် ယဉ်ကျေးမှု ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။

www.lrcmyanmar.org

**မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက် မဟာမိတ်အဖွဲ့**

**(The Myanmar Alliance for Transparency and Accountability (MATA))**

MATAသည် ကျယ်ပြန့်သော နိုင်ငံလုံးဆိုင်ရာ ကွန်ရက် တစ်ခုဖြစ်ပြီး အစိုးရ၊ ရွေးကောက်ခံ ကိုယ်စားလှယ်များ၊ ကုမ္ပဏီများ၊အလှူရှင်များ၊ အရပ်ဘက်လူမှု အဖွဲ့အစည်း များတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ဖြစ်ထွန်း လာစေရေး မူဝါဒဆိုင်ရာ တိုက်တွန်းမှုများပြုလုပ်ရန်၊ သယံဇာတများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တရားရေး ဆိုင်ရာမူဘောင်များ၊ အထိန်းအကွပ်များ ဆိုင်ရာတွင် အများပြည်သူ ပါဝင်ဆောင်ရွက်ခြင်းအတွက် လွတ်လပ် ခွင့်မြှင့်တင်ရန်၊ စူးစမ်းလေ့လာရန် ဖွဲ့စည်း ထားခြင်း ဖြစ်သည်။ MATA သည် မြန်မာနိုင်ငံ၏ သယံဇာတများ တူးဖော်ထုတ်လုပ်ရာတွင် နိုင်ငံတကာ တွင်းထွက် သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)၏ အကျိုးစီးပွားဆက်နွယ်သူမျိုးစုံပါဝင်သောအဖွဲ့ (Multi-Stakeholder Group-MSG)သို့ အရပ်ဘက် လူမှု အဖွဲ့အစည်းကိုယ်စားလှယ်များပါဝင်အောင် ပံ့ပိုး ကူညီပေးသည်။[28] MATAသည် တီထွင်ဆန်းသစ် သော၊ တမူထူးခြားသော၊ အောက်ခြေမှစတင်သော၊ အားလုံး ပူးပေါင်းပါဝင်သော ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်း စဉ်ကို ထူထောင်ခဲ့သည်။ ယင်းတွင် ပြည်နယ်နှင့်တိုင်း ဒေသကြီးများမှ လုပ်ငန်းအဖွဲ့များကို ရွေးချယ်ပြီး ယင်း လုပ်ငန်းအဖွဲ့များမှတဆင့် ကိုယ်စားလှယ် ငါးဦးစီကို ရွေးချယ်ကာ နိုင်ငံအဆင့် အရပ်ဘက် လူမှုအဖွဲ့အစည်း များ၏ EITI လုပ်ငန်းအဖွဲ့တွင် ပါဝင်စေသည်။ ယင်း ကိုယ်စားလှယ် ငါးဦးအနက် တစ်ဦးကို သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအတွက် အဓိကဆက်သွယ်ရန် ပုဂ္ဂိုလ် အဖြစ်နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်း EITI ပဲ့ကိုင် ကော်မတီဝင်အဖြစ် ရွေးချယ်သည်။ ယင်းပဲ့ကိုင် ကော် မတီသည် ဆုံးဖြတ်ချက် ချမှတ်ခြင်း ဆိုင်ရာနှင့် အခြား ကိစ္စရပ်များအတွက် MSG ထိရောက်စွာ လုပ်ကိုင်နိုင်ရန် ကူညီပံ့ပိုးပေးသော အဆုံးအဖြတ်ပြုလုပ်သည့် အဖွဲ့ ဖြစ်သည်။ ပဲ့ကိုင် ကော်မတီတွင် အရပ်ဘက် လူမှု အဖွဲ့အစည်း MSG ကိုယ်စားလှယ် ၉ ဦးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး များမှ အဓိကဆက်သွယ်ရန်ပုဂ္ဂိုလ် ၁၄ ဦးတို့ ပါဝင်သည်။

www.facebook.com/pages/Myanmar-Alliance-
for-Transparency-and-Accountability
MATA/672103292860036

**ကျား၊မ ရေးရာ (Gender) တန်းတူညီမျှရေး ကွန်ရက် (GEN)- ယခင် အမျိုးသမီးများအား ကာကွယ် စောင့်ရှောက်ရေး ပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့**

မူလအားဖြင့် ၂၀၀၈ ခုနှစ်တွင် နာဂစ် ဆိုင်ကလုံး မုန်တိုင်းဒဏ်သင့် ဒေသများရှိ အမျိုးသမီးများ အများအားဖြင့် တွေ့ကြုံရသော ကဏ္ဍစုံရှိ ကိစ္စများကို စူးစိုက်လုပ်ဆောင်ရန် ဖွဲ့စည်းခဲ့သည်။ GEN သည် အေဂျင်စီများ အချင်းချင်းအကြားကွန်ရက်တစ်ခုဖြစ်ပြီး ခန့်မှန်းခြေ ပြည်တွင်းနှင့် နိုင်ငံတကာ NGO ပေါင်း ၆၀ ခန့်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းကွန်ရက်များ၊ အမျိုး သမီးများ တိုးတက်စေရေး၊ ကျား-မ တန်းတူညီမျှရေး၊ မြန်မာနိုင်ငံတွင်း အမျိုးသမီးအခွင့်အရေးများ ရရှိလာ စေရေးအတွက် ပိုမိုကောင်းမွန်သောစနစ်များ၊ ဖွဲ့စည်း ပုံများ၊ ကျင့်ထုံးများ ပေါ်ပေါက်ရေး အကောင်အထည် ပေါ်စေရေးအတွက်ပံ့ပိုးပေးရန် လုပ်ဆောင်နေသော နည်းပညာ/အရင်းအမြစ် ပုဂ္ဂိုလ်များ စသည်တို့ ပါဝင်သည်။

http://tinyurl.com/kvq529p

**မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့များကွန်ရက် (WON)**

မြန်မာနိုင်ငံ အမျိုးသမီးအဖွဲ့များကွန်ရက် (WON) သည် မြန်မာနိုင်ငံတွင်းရှိ အမျိုးသမီး CBO များ၏ ကွန်ရက်ဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော အမျိုးသမီးအဖွဲ့အစည်းများကွန်ရက် ဖြစ်သည်ဟု WONက ဆိုသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုံးမုန်တိုင်းအပြီးတွင်စတင်ခဲ့ပြီး သတင်း အချက်အလက်နှင့် အတွေ့အကြုံများဖလှယ်ခြင်းကို ပံ့ပိုးဆောင်ရွက်ပေးရန်၊ အမျိုးသမီး ဦးဆောင်သော CBO များအကြား အပြန်အလှန် သင်ယူခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကို မြှင့်တင်ရန် ရည်ရွယ်သည်။ WON သည် ယေဘုယျအားဖြင့် လူအများ၏ လူမှုစီးပွားအခြေအနေများကို မြှင့်တင်ပေးရန်နှင့် လူ့အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများလုပ်ဆောင်နိုင်စွမ်း တိုးတက် စေရန်၊ ယင်းတို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် ကြိုးပမ်းလျှက် ရှိသည်။ WONတွင် အဖွဲ့ဝင် ၂၇ ဖွဲ့ ရှိသည်။

www.facebook.com/WONMM

**အမျိုးသမီးများအဖွဲ့ချုပ် -မြန်မာနိုင်ငံ ( WLB)**

အမျိုးသမီးများအဖွဲ့ချုပ် - မြန်မာနိုင်ငံသည် ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုနောက်ခံများရှိသည့် အမျိုးသမီးအဖွဲ့အစည်းပေါင်း ၁၃ ခုဖြင့် ဖွဲ့စည်းထားသည့် ကွန်ရက်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ရည်ရွယ်ချက်မှာ ဒီမိုကရေစီနှင့် လူ့ အခွင့်အရေးဆိုင်ရာလှုပ်ရှားမှု၊ အမျိုးသားငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်တို့တွင် အမျိုးသမီးများပါဝင်ဆောင်ရွက်မှု မြှင့်တင်ရန်၊ နိုင်ငံအဆင့် နှင့် နိုင်ငံတကာအဆင့်တို့တွင် မြန်မာနိုင်ငံမှ အမျိုးသမီးများတို့၏ အခန်းကဏ္ဍကို မြှင့်တင်ရန် တို့ဖြစ်သည်။

www.womenofburma.org

**မြန်မာ အင်ဂျီအို ကွန်ရက် (MNN)**

ရည်ရွယ်ချက်များမှာ NGO များအကြား ချိတ်ဆက်မှုနှင့် လက်တွဲဆောင်ရွက်မှု မြှင့်တင်ရန်၊ ဒေသခံ NGO များအကြား အကျိုးကျေးဇူးရှိသော သတင်းအချက်များ၊ အတွေ့အကြုံများ၊ အကြံအစည်များ ဖလှယ်ခြင်းကို မြှင့်တင်ရန်၊ ဒေသခံ NGO များကိုယ်စား ကုလသမဂ္ဂ အေဂျင်စီများ၊ နိုင်ငံတကာ NGO များ၊ မြန်မာနိုင်ငံတော်အစိုးရတို့နှင့် ပိုမိုထိရောက်စွာ ဆက်ဆံမှုများ ပြုလုပ်နိုင်ရန်၊ ဒေသခံ NGO များ ယင်းတို့၏ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန်အတွက် ပိုမို ကောင်းမွန်သော သတင်းအချက်အလက်နှင့် နည်းပညာများ ရရှိ အသုံးချနိုင်စေရန် တို့ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဇန္နဝါရီလ စာရင်းအရ MNN တွင် အဖွဲ့ဝင် ၁၁၀ ရှိသည်။

www.myanmarngonetwork.org

**အိုင်အင်ဂျီအို ဖိုရမ် ( INGO Forum)**

INGO များ (ကုလသမဂ္ဂ ဦးဆောင်သော အဖွဲ့အစည်းများမပါ) အတွက် လွတ်လပ်သော တိုင်ပင်ဆွေးနွေးအတွေးအကြံဖလှယ်ရာနေရာ တစ်ခု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် INGO ပေါင်း ၇၅ ခုဖြင့် ၂၀၀၇ ခုနှစ်တွင် INGO ဖိုရမ်ကို ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများတွင် INGO များမှ အဆုံးအဖြတ် ပြုသူများအကြား ဆွေးနွေးမှုကို ပံ့ပိုးပေးခြင်း၊ အပြန်အလှန်တွဲဖက် ဆောင်ရွက်နိုင်သော ဗျူဟာများချမှတ်ခြင်းကို ကူညီပေးခြင်း၊ တွဲဖက်၍ မူဝါဒဆိုင်ရာ တိုက်တွန်းမှုများ ပြုလုပ်ခြင်းအတွက် အခြေခံနေရာတစ်ခုအဖြစ် ဆောင်ရွက် ပေးခြင်းများကို လုပ်ဆောင်သည်။ INGO ဖိုရမ်သည် ချိတ်ဆက်၍ သတင်းအချက်အလက် မျှဝေခြင်း၊ မူဝါဒများ၊ အလေ့အထကောင်းများကို အားကောင်းစေရန် အလားအလာများရှာဖွေဖော်ထုတ်ခြင်းမှတဆင့် လူသားချင်း ကိုယ်ချင်းစာနာမှု ဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပြဿနာများ၏ အကြောင်းရင်းနှင့် အကျိုးဆက်များကို နက်နက်နဲနဲနားလည်သဘောပေါက်အောင် လုပ်ကိုင်လျက်ရှိသည်။ ယင်းသို့လုပ်ကိုင်ရာတွင် နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ အဆုံးအဖြတ်ပြုသူများနှင့် အပြုသဘော ဆောင်သော ထိတွေ့ဆက်ဆံမှုများဖြင့် လုပ်ဆောင်လျက်ရှိသည်။

**နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ စောင့်ကြည့်ရေးအဖွဲ့-မြန်မာနိုင်ငံ**
**(IFI Watch Myanmar)**

IFI Watch Myanmar သည် နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက် များအတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ လူထုများကို ဒီမိုကရေစီနည်းကျ လှုပ်ရှားဆောင်ရွက်ရန်

နယ်ပယ်ရရှိစေရေးအတွက် အစိုးရ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများနှင့် ဒေသခံလူမှု အဖွဲ့ အစည်း များအကြား ဆွေးနွေးမှုများဖြစ်ပေါ်အောင် ပံ့ပိုး လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အဖွဲ့ဝင်များမှာ ကွဲပြားခြားနားသော မျိုးနွယ်အုပ်စုများမှ ဖြစ်ပြီး နိုင်ငံတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် လှုပ်ရှားဆောင်ရွက်မှုများ ရှိနေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ကိုယ်စားပြု ကြသည်။

www.facebook.com/IFIWatchMyanmar/info

**မြန်မာနိုင်ငံ HIV ပိုးရှိသူများနှင့် နေထိုင်သူများ အသင်း ( Myanmar Positive Group- MPG)**

**နိုင်ငံလုံးဆိုင်ရာ HIV ရှိသူများကွန်ရက် (National PLHIV Network)**

MPG ကို UNDP နှင့် International HIV/AIDS Alliance တို့၏ ပံ့ပိုးမှုဖြင့် ၂၀၀၅ ခုနစ်တွင် ထူထောင်ခဲ့သည်။ MPG ၏ အဓိက ရည်ရွယ်ချက်မှာ GIPA (HIV/AIDS ရှိသူများ၏ ပိုမို ပါဝင်ဆောင်ရွက်နိုင်မှု - Greater Involvement of People living with HIV/AIDS) မူဝါဒ ကို အခြေခံ၍ HIV ဖြင့် နေထိုင် နေသူများ (PLHIV) အကြား စွမ်းဆောင်ရည်မြှင့်တင်ရန်၊ PLHIV များအကြား ကွန်ရက်ထူထောင်ချိတ်ဆက်ရန်နှင့် PLHIV ကိုယ့်အားကိုယ်ကိုးအဖွဲ့များ (Self-help groups) ပေါ်ပေါက်ရေးကို ကူညီရန်တို့ ဖြစ်ပါသည်။ ထူထောင်စဉ်က MPG သည် တစ်နိုင်ငံလုံးရှိ ကိုယ့်အားကိုယ်ကိုးအဖွဲ့ ၄၇ ဖွဲ့နှင့် ချိတ်ဆက်ခဲ့ပြီး ၂၀၁၂ ခုနစ်တွင် ကွန်ရက်အတွင်း အဖွဲ့ပေါင်း ၂၁၄ ဖွဲ့ ရှိလာခဲ့သည်။ MPG သည် HIV/AIDS ရှိသူများ၏ အာရှပစိဖိတ်ဒေသတွင်းကွန်ရက်- Asia Pacific Network of people living with HIV/AIDS (APN+)၊ HIV/AIDS ရှိသူများ၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်- Global network of people living with HIV/AIDS (GPN+) တို့နှင့်လည်း ကွန်ရက်ဖွဲ့ထားသည်။ ကျန်းမာရေး ဝန်ကြီးဌာန၊ HIV/AIDS အမျိုးသား စီမံကိန်းအောက်ရှိ HIV/AIDS အစိတ်အပိုင်း၏ နည်းပညာ ဆိုင်ရာ ဗျူဟာအဖွဲ့တွင် အမြဲတမ်း အဖွဲ့ဝင် အဖြစ် MPG ပါဝင်သည်။

www.mpgnationalnetwork.org

**စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)**

FSWG ကို ၂၀၀၂ ခုနစ်တွင် တည်ထောင်ခဲ့သည်။ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေး ဝမ်းကျောင်းမှုနှင့် ဆက်စပ်သောကိစ္စရပ်များလုပ်ဆောင်သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အတွက် ကွန်ရက်ဖွဲ့ခြင်း၊ စွမ်းရည်မြှင့်တင်ခြင်း၊ ဗဟုသုတမျှဝေခြင်း စသည်တို့ ဆောင်ရွက်ရန်အတွက် ဆွေးနွေး အကြံအစည် မျှဝေရာ နေရာအဖြစ် ဆောင်ရွက်လျက်ရှိသည်။ FSWG သည် အခြား NGOများ၊ အရင်းအမြစ်ဗဟိုဌာနများ၊ တက္ကသိုလ်များ၊ နိုင်ငံတော်အဆင့်တွင် အစိုးရဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လာအိုနိုင်ငံ NGO ကွန်ရက်၊ မဟာ မဲခေါင်ဒေသ ရပ်ရွာပိုင်သစ်တောကွန်ရက် စသည့် နိုင်ငံတကာ ကွန်ရက်များနှင့် ချိတ်ဆက်ထားသည်။ ၂၀၁၄ ခုနစ်တွင် FSWG ၌ ပြည်တွင်း/နိုင်ငံတကာ NGO များ၊ ဒေသခံ လူ့အဖွဲ့အစည်းကိုအခြေခံသော အဖွဲ့အစည်း/ တသီးပုဂ္ဂလ အဖွဲ့ဝင် ၈၀ ခန့် ရှိသည်။ မြေယာ မူဝါဒဆိုင်ရာကိစ္စရပ်များ၊ အထူးသဖြင့် ဧက အနည်းငယ်သာပိုင်ဆိုင်သော လယ်သမားများကို ထောက်ပံ့မှုများပြုလုပ်နေသော အဖွဲ့အစည်း များ၊ တသီးပုဂ္ဂလိကများကို ချိတ်ဆက်ထားသော ကွန်ရက်ဖြစ်သည့် Land Core Group (LCG) သည် FSWG ၏ ဖွဲ့စည်းပုံအတွင်း တည်ရှိသည်။

www.myanmarfswg.org

**မြန်မာနိုင်ငံရှေ့နေများကွန်ရက်နှင့်မြန်မာနိုင်ငံဥပဒေရေးရာအကူအညီပေးရေးကွန်ရက် (Myanmar Legal Aid Network- MLAW)**

နိုင်ငံတွင်းတွင် မြန်မာနိုင်ငံရှေ့နေများကွန်ရက်၊ မြန်မာနိုင်ငံ ဥပဒေရေးရာအကူအညီပေးရေး ကွန်ရက် (MLAW) တို့အပါအဝင် ပြည်တွင်းတွင် ချိတ်ဆက်လုပ်ကိုင်သော အဖွဲ့အစည်းများ ပေါ်ပေါက် ကျယ်ပြန့်လာခဲ့ပြီး လွန်ခဲ့သောနှစ်များအတွင်း ဥပဒေ ရေးရာကွန်ရက်များ ထွန်းကား လာခဲ့သည်။ ယင်းကွန်ရက်များ၏ လုပ်ဆောင်ချက်များမှာ ရပိုင်ခွင့် အခွင့်အရေးနှင့် စပ်ဆိုင်သော အမှုများကို အများကောင်းကျိုးအတွက် လိုက်လံဆောင်ရွက်ခြင်း၊ ရှေ့နေအသင်းအဖွဲ့များ (bar associations) ပေါ်ပေါက်လာစေရေးအတွက် တက်ကြွလှုပ်ရှားကြခြင်း၊ တရားဥပဒေဆိုင်ရာ အကူအညီပေးရေး ဗဟိုဌာနများကို ထူထောင်ခြင်း၊ အရှေ့တောင်

အာရှ ဥပဒေဆိုင်ရာကွန်ရက် (Southeast Asian Legal Network- SEALAW)၊ မဲခေါင်ဒေသ ဥပဒေဆိုင်ရာကွန်ရက် တို့ကဲ့သို့သော နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့အစည်းများတွင် ပြည်တွင်းမှရှေ့နေများ ပိုမိုပါဝင်ဆောင်ရွက်လုပ်ကိုင်လာနိုင် အောင် ဆောင်ရွက်ခြင်းများတို့ ဖြစ်ကြသည်။

www.m-law.org

**ပေါင်းကူး (ဆက်စပ်ပေးခြင်း)**

နိုင်ငံတကာနှင့် ပြည်တွင်း NGO များ အတူတကွ ထူထောင်ခဲ့ကြသော အရပ်ဖက် လူမှုအဖွဲ့အစည်း ဦးဆောင်ဦးရွက်ပြုသည့် လုပ်ရှားမှုတစ်ခုဖြစ်သည်။ ယခုအခါ သီးခြားလွတ်လပ်သော ပြည်တွင်း NGO တစ်ခုအဖြစ် လုပ်ကိုင်လျက်ရှိပြီး နိုင်ငံတစ်ဝှမ်းလုံးရှိ ဒေသခံလူမှုအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ အဓိကအားဖြင့် လူသိများ လူအများအာရုံစိုက်သော ဖွံ့ဖြိုးရေးစီမံကိန်းများ၊ အဓိကကျသော ကိစ္စရပ်များ (မြေယာ၊ ပဋိပက္ခ၊ ဖွံ့ဖြိုးရေး၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာသည်းခံမှု) စသည်တို့ အပေါ် စူးစိုက်လုပ်ကိုင်သည်။ နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့အစည်းများကို ချိတ်ဆက်ပေးရာနှင့် ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုပံ့ပိုးကူညီမှုများ လမ်းကြောင်းပေးရာတို့တွင် ပေါင်းကူးသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိသည်။

https://www.facebook.com/PaungKu

## အရပ်ဘက်လူမှုအဖွဲ့အစည်း လမ်းညွှန်များ

**မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုဌာန**

(MIMU)သည် မြန်မာနိုင်ငံတွင်းရှိ လူသားချင်း စာနာထောက်ထားမှုနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ လူ့အဖွဲ့အစည်း၏ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု၊ ဆုံးဖြတ်ချက် ချမှတ်မှုတို့ကို ပိုမို တောင့်တင်းကြံ့ခိုင်စေရန် သတင်းအချက်အလက်စီခံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှု များကို ပံ့ပိုး ဆောင်ရွက်ပေးသည်။ MIMU သည် ကဏ္ဍအလိုက်၊ နိုင်ငံတစ်ဝှမ်း၊ တိုင်းဒေသကြီး၊ မြို့နယ်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် 3W သတင်းအချက်အလက်များအပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အချက်အလက်များကို ရှာဖွေရန် လွယ်ကူသောစနစ်ဖြင့် ထိန်းသိမ်းထားရှိသည်။

www.themimu.info

ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (LRC) သည်လည်း ပြည်တွင်း NGOလမ်းညွှန်၊ နိုင်ငံတကာ NGO လမ်းညွှန်၊ ကွန်ရက်များ လမ်းညွှန် တို့ကို ပံ့ပိုးပေးသည်။ LRC မှ သတင်းအချက်အလက်များကို အောက်ပါ အင်တာနက်လင့်ခ်တွင် ရရှိနိုင်သည်။

www.lrcmyanmar.org/en

## အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်

မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်သည် ဒေသခံလူ့အဖွဲ့အစည်း နှင့် ယင်းတို့၏ ဆက်စပ်မှု၊ ဒေသတွင်း အပြန်အလှန် သက်ရောက်လှုပ်ရှားမှုများ၊ ဒေသတွင်းရှိ အကျိုးစီးပွား ပတ်သက်သူများအကြောင်း နီးကပ်စွာနားလည်မှု၊ သက်ဆိုင်ရာကဏ္ဍအတွင်း ကြီးထွားနေသော ကွန်ရက်များ၊ အလွန်အမင်း ခက်ခဲသော ပတ်ဝန်းကျင် အနေအထားတွင် နှစ်ပေါင်းများစွာ ရှန်းကန်ခဲ့ခြင်းမှ ရရှိခဲ့သည့် ဖန်တီးနိုင်စွမ်းနှင့် စွဲမြဲစူးစိုက်လုပ်ကိုင်မှု၊ ဝန်ဆောင်မှုများပေးအပ်ရာတွင် အလွန် အရေးပါသော အခန်းကဏ္ဍ စသည်တို့အပေါ်တွင် မူတည်သည်။

CSOများသည် ဆင်းရဲနွမ်းပါးသူများနှင့် အခွင့်အရေး မရရှိသူများကို အထူးသဖြင့် ပဋိပက္ခသက်ရောက်မှုရှိသော နယ်မြေများနှင့် ဗဟိုအစိုးရ၏ထိန်းချုပ်မှု အားနည်းသော နယ်မြေများတို့တွင် ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ကြောင်း သက်သေပြနိုင်ခဲ့သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဦးဆောင်လှုပ်ရှားမှုတွင် မှတ်တမ်းတင်ဖွယ်များ ရှိခဲ့သည်။ INGO များ၏ ပံ့ပိုးမှုဖြင့်စတင်ခဲ့ပြီး မကြာသေးခင်နှစ်များအတွင်း LNGOများ အဖြစ်ရပ်တည် လာနိုင်ခဲ့သည့်အဖွဲ့များရှိသည်။ လေ့ကျင့်သင်ကြားပေးထားသော ကျွမ်းကျင်ဝန်ထမ်း များ INGO များတွင် ပိုမိုလိုအပ်လာခြင်းကို ဖြည့်ဆည်းရန် ရည်ရွယ်၍ ၂၀၀၀ ခုနှစ်တွင် စွမ်းရည်ရှေ့ဆောင် (Capacity Building Initiative – CBI) ကို ထူထောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ထုတ်ဝေသော Transnational

Institute ၏ မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်း အကြောင်း အစီရင်ခံစာတွင် ဖော်ပြထားချက်အရ ကနဦးတွင် INGOများမှ ဒေသခံဝန်ထမ်းများသာ တက်ရောက် နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် LNGO များမှ ဝန်ထမ်းများပါ သင်တန်းများ တက်ရောက်နိုင်ခဲ့သည်။ အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးဆောင် လှုပ်ရှားမှု အဆင့်အထိ မရောက်သော်လည်း CBI သည် မြန်မာနိုင်ငံ အရပ်ဘက်လူမှု အဖွဲ့အစည်းများအတွက် အရေးပါသော ကျွမ်းကျင်မှုဖွံ့ဖြိုးရေး ဆိုင်ရာ အခန်းကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။[29]

အခြား ထင်ရှားသော ဦးဆောင်လှုပ်ရှားမှုတစ်ခုမှာ ပေါင်းကူး ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် INGO များ စုဝေး၍ ဖွဲ့စည်းခဲ့ကြသော ပေါင်းကူး သည် ယခုအခါ အခြားသေးငယ်သော LNGO များ၊ CBO များကို သင်တန်း၊ မူဝါဒဆိုင်ရာတိုက်တွန်းမှု၊ ချိတ်ဆက် လုပ်ကိုင်မှု၊ အသေးစားရန်ပုံငွေထောက်ပံ့မှု စသည်တို့တွင် ကူညီပံ့ပိုးလျက်ရှိသော LNGO တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ တချိန်တည်းမှာပင် INGO များ ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွဲဖက် လုပ်ကိုင် နိုင်စေရန်အတွက် အရေးပါသော အခန်းကဏ္ဍမှ ဖြည့်ဆည်းလုပ်ကိုင်လျက်ရှိသည်။ အခြား ဦးဆောင်လှုပ်ရှားမှုတစ်ခုမှာ INGOများနှင့် LNGO များက တည်ထောင်ခဲ့သော ဖွံ့ဖြိုးရေးမဏ္ဍိုင် အဖွဲ့ (LRC)ဖြစ်သည်။ ယင်းသည် ထင်ရှားသော အရပ်ဘက် လူမှုအဖွဲ့အစည်းကွန်ရက်တစ်ခုဖြစ်ပြီး CSO အဖွဲ့ဝင် ၆၀၀ ခန့်ရှိသည်။ နိုင်ငံတစ်ဝှမ်းလုံးရှိ LRC ၏ ရုံးလေးခု မှတဆင့် LNGO များ၏ စွမ်းရည်မြှင့်တင်ခြင်းများ၊ မူဝါဒ ဆိုင်ရာ တိုက်တွန်းခြင်းများကို ဆောင်ရွက်လျှက် ရှိသည်။

အခြား အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင် ရည် မြှင့်တင်ရေး ဦးဆောင်လှုပ်ရှားမှုများသည် အကြောင်းအရာ ကိစ္စရပ်များအပေါ်အခြေခံ၍ စူးစိုက် ကြသည်။ ၂၀၀၇ ခုနှစ်တွင် UK နိုင်ငံတကာ ဖွံ့ဖြိုးရေး ဌာနက ထူထောင်ခဲ့သော ပျိုးပင်အစီအစဉ်သည် အုပ်ချုပ်မှုဆိုင်ရာ နှင့် မူဝါဒဆိုင်ရာနယ်ပယ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုပါဝင်လာနိုင်စေရန် LNGO များ၊ CBO များနှင့်အတူ လုပ်ကိုင်လျက် ရှိသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ပိုမိုကြံ့ခိုင် တောင့်တင်း လာအောင် ဆောင်ရွက်ရန်ဟူသော တိကျ သော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် လှုပ်ရှား ဆောင်ရွက်နေသော INGO များ တိုးတက် များပြားလာလျက်ရှိပါသည်။ ထိုကဲ့သို့သော INGO တစ်ခုမှာ ActionAid Myanmar ဖြစ်ပြီး ဒေသခံ အဖွဲ့ အစည်းများကို ရက်တိုအတွင်း ထိရောက်သည့် သင်တန်းများ ပေးခြင်း၊ ယင်း၏ ရောင်းရင်းအစီအစဉ် (fellow program) တို့မှတဆင့် ကူညီခြင်းတို့ကို ပံ့ပိုးပေးလျှက်ရှိသည်။ ယင်းအစီအစဉ်သည် ဦးတည် သော လူ့အဖွဲ့အစည်းများအတွင်းတွင် လူငယ် ခေါင်းဆောင် များကို နေရာချထားပြီး လူ့အဖွဲ့အစည်း အတွင်းရှိ ပြဿနာများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းကို ကူညီပံ့ပိုးပေးခြင်းဖြင့် ဒေသခံလူ့အဖွဲ့အစည်းများကို လှုပ်ရှားဆောင်ရွက်စေရန်၊ အများ ပါဝင်ဆောင်ရွက် သော အစီအစဉ်ရေးဆွဲခြင်းများကို ဆောင်ရွက် နိုင်စေ ရန်၊ ဒီမိုကရေစီစံနှုန်းများအရ ဆုံးဖြတ်ချက်ချသော အသွင်သဏ္ဍာန်များကို မြှင့်တင်ရန်၊ လူ့အဖွဲ့အစည်း အတွင်းရှိ အရင်းအမြစ်များ (ဒေသအာဏာပိုင်များ၏ အရင်းအမြစ်များအပါအဝင်)ကို စုစည်းအသုံးချနိုင် စေရန်၊ ကျေးရွာဖွံ့ဖြိုးရေး လက်စွဲစာအုပ် မှတဆင့် လူ့အဖွဲ့အစည်း၏ ဦးစားပေး ဆောင်ရွက်ဖွယ်များကို အကောင်အထည်ဖော်ဆောင်ခြင်းကို ကူညီ ပံ့ပိုးပေးရန် တို့ကို ဆောင်ရွက်သည်။ ယင်းပုံစံကို လူထု ဗဟိုပြု ဖွံ့ဖြိုးရေး နမူနာအဖြစ် နိုင်ငံတော်အစိုးရက လက်ခံ ထားသည်။

၂၀၁၀ ခုနှစ်မှစ၍ အဓိက အလှူရှင်များ၊ နှစ်ဘက် ချိတ်ဆက်လုပ်ကိုင်သော အေဂျင်စီများ၊ ဖွံ့ဖြိုးရေး လုပ်ဆောင်ဘက်များတို့သည် တခါတရံ ကြားခံ INGO များမှတဆင့် စီမံကိန်းအခြေပြု အထောက်အပံ့များ ပေးခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ကဏ္ဍပေါင်းစုံ၊ ပထဝီ ဒေသ ပေါင်းစုံမှ တက်ကြွလှုပ်ရှားလျက် ရှိသော အရပ် ဘက်လူမှုအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် အသိအမြင် ပိုမိုကြွယ်ဝစေရေး လုပ်ဆောင်မှုများကို တိုးမြှင့် ပံ့ပိုးလျက်ရှိသည်။[30]

အဆုံးတွင် မြန်မာနိုင်ငံသည် ကမ္ဘာသို့ တံခါးများကို ဖွင့်လှစ်လိုက်သည်နှင့်အတူ မြန်မာ အရပ်ဘက် လူမှု အဖွဲ့အစည်းသည်လည်း ရာသီဥတုပြောင်းလဲမှု၊

အာဆီယံ ဒေသတွင်းပေါင်းစည်းမှု၊ စီးပွားရေးနှင့် လူ့အခွင့်အရေးများ၊ ကျား/မ ခွဲခြားမှုဆိုင်ရာ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများ စသည်ဖြင့် ကျယ်ပြန့်လှသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဒေသတွင်း နှင့် နိုင်ငံတကာ ဦးဆောင်လှုပ်ရှားမှုများတွင် ပါဝင်ခြင်း၊ ဆက်စပ်လုပ်ကိုင်ခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက် ရှိသည်။

သို့သော်လည်း မြန်မာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အတွက် အဓိကစိန်ခေါ်မှုများ ကျန်ရှိ နေပေသေးသည်။ ရန်ကုန် နှင့် မန္တလေးအပါအဝင် အနည်းငယ်မျှသော မြို့ပြများတွင် အခြေစိုက်သော အဖွဲ့အစည်းများနှင့် တောနယ်တွင် အခြေစိုက်လုပ်ကိုင်သော LNGO၊ CBO များအကြား နည်းပညာ၊ အရင်းအမြစ်၊ စွမ်းဆောင်ရည် စသည်တို့တွင် နက်ရှိုင်းသော ကွာဟချက်များဖြင့် မြို့ပြ-ကျေးလက် ကွာခြားမှု ရှိနေပေသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ပံ့ပိုးမှုများသည် ရန်ကုန်တွင် တည်ရှိသော အဖွဲ့အစည်းများကို အများဆုံး ဦးတည်လျက်ရှိပြီး စွမ်းရည်မြှင့်တင်ရေး သင်တန်း နှင့် အခြား အခွင့်အလမ်းများကို အချို့သောအဓိက မြို့ပြဒေသအနည်းငယ်တွင်သာ တွေ့ရှိရသည်။

မြန်မာနိုင်ငံမှ ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်း သည် ကျယ်ပြန့်လာပြီး ကမ္ဘာပေါင်းစုံသို့ လျင်မြန်စွာ ဖြန့်ကျက်နေစဉ်တွင် များပြားလှသော အပြောင်းအလဲ များ၊ လျင်မြန်စွာကြီးထွားလျက် ရှိသော ဖွံ့ဖြိုးမှု အထောက်အပံ့များ၊ ရင်းနှီးမြှုပ်နှံမှုများ နှင့် ရင်ဆိုင် တွေ့ကြုံရသောအခါ အရပ်ဘက် လူမှုအဖွဲ့အစည်း များသည် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်ဆိုင်ရာ ကြီးမားသော အကန့်အသတ် များနှင့် တွေ့ကြုံရလျက် ရှိသည်။ ပညာရှင်ဆန်ကျွမ်းကျင်သော ဒေသခံ အဖွဲ့ အစည်းများနှင့် လက်တွဲ လုပ်ကိုင်ရန် စိတ်အား ထက်သန်သော ဖွံ့ဖြိုးမှုအေဂျင်စီများ၊ INGO များတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် ကျွမ်းကျင် သောဝန်ထမ်းများကို ထိန်းသိမ်းထားနိုင်ရန် LNGO များသည် ရုန်းကန် ကြိုးစားနေကြရသည်။

LNGOများ၊ CBO များသည် ပင်မလုပ်ငန်းများနှင့် ထပ်မံ တိုးချဲ့သော အစီအစဉ်များအတွက် လုံလောက်သော ရန်ပုံငွေရရှိရန် ရုန်းကန်ကြိုးစားနေကြရသည်။ အချို့ သော အလှူရှင်များသည် ဒေသ အခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ယင်းတို့၏ မှတ်ပုံတင်ခြင်း၊ အစီရင် ခံခြင်းနှင့် အခြားလိုအပ်ချက် များကို ပြုပြင် ပြောင်းလဲ လျက် ရှိသော်လည်း ဒေသခံအဖွဲ့များအနေဖြင့် ယင်းတို့ လိုအပ်နေသော အရင်းအမြစ်များကို ရယူနိုင်စေရန် ထပ်မံလုပ်ဆောင်ပေးစရာများ ကျန်ရှိနေပေသေးသည်။

## မြန်မာနိုင်ငံတွင်း ADB နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု

ADB သည် မြန်မာနိုင်ငံတွင်းရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ယင်း၏ စီမံကိန်းများနှင့် ပတ်သက် ဆက်နွယ်အကျိုးခံစားရသူ များ အပါအဝင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍပြင်ပမှ အများ ပြည်သူ လှုပ်ရှားဆောင်ရွက်မှု နယ်ပယ်တွင် ပါဝင်သူ တစ်ဦးခြင်းနှင့် အဖွဲ့လိုက်ကို ဆိုလိုသည်။ ADB သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အဆင့်သုံးဆင့် (မူဝါဒ အဆင့်၊ နိုင်ငံဆိုင်ရာ မဟာဗျူဟာအဆင့်၊ စီမံကိန်းအဆင့်)တို့တွင် ပူးပေါင်း ဆောင်ရွက်လျက် ရှိသည်။ ADB ၏ သက်ဆိုင်ရာ နိုင်ငံတော်သို့ ချေးငွေ၊ ထောက်ပံ့ငွေနှင့် စီမံကိန်းပြင်ဆင်ရေးဆိုင်ရာ နည်း ပညာ အကူအညီများအားလုံး၏ သုံးပုံ နှစ်ပုံကျော်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး အစိတ်အပိုင်း ပါဝင်လျက်ရှိသည်။ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ မြို့ပြဖွံ့ဖြိုးမှု၊ ကျန်းမာ ရေး တို့အပါအဝင် ကဏ္ဍပေါင်းစုံမှ ADB စီမံကိန်း အရာရှိများသည် မြန်မာနိုင်ငံတွင်းရှိ စီမံကိန်း အသစ် များတွင် လက်တွဲဆောင်ရွက်ခြင်း နည်းလမ်းများ၊ မိတ်ဖက်ဖွဲ့ခြင်းများကို ဆွေးနွေးရန် ပြည်တွင်းနှင့် နိုင်ငံ တကာမှ NGO များနှင့် တွေ့ဆုံခဲ့ကြသည်။

၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ပြန်လည်ထိတွေ့ ဆက်ဆံချိန်မှစ၍ ADB သည် အရပ်ဘက်လူမှု အဖွဲ့ အစည်းပေါင်းများစွာနှင့် ဆွေးနွေးတိုင်ပင်ခြင်းကို ဦးစား ပေး ဆောင်ရွက်ခဲ့ပါသည်။ ADB အနေဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများထံမှ အမြဲတစေကြားသိရသည်မှာ ADB ကိုယ်တိုင်နှင့် နိုင်ငံတော် အစိုးရကို ADB ၏ ပွင့်လင်းမြင်သာမှုဆိုင်ရာ၊ လူထုဆက်ဆံရေးဆိုင်ရာ၊ တာဝန်ခံမှုဆိုင်ရာနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူဝါဒ များတွင် ပါရှိသည့်အတိုင်း စံနှုန်းမြင့်မားစွာဖြင့်

လုပ်ကိုင် တာဝန်ယူ ဆောင်ရွက်စေလိုခြင်းပင် ဖြစ်သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကြံပြု တိုက်တွန်းချက်များကို တုံ့ပြန်သောအနေဖြင့် ADB သည် နည်းပညာဆိုင်ရာကူညီမှု အထောက်အပံ့ အစီအစဉ်တစ်ခုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့ပါသည်။ ယင်းအစီအစဉ်မှာ **ADB ငွေကြေး ထောက်ပံ့မှုဖြင့်ဆောင်ရွက်သော စီမံကိန်းများ အားလုံးတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများပါဝင်ဆောင်ရွက်မှုကို အားကောင်းစေခြင်း (၄၆၄၇၈)** ဖြစ်ပြီး မြန်မာနိုင်ငံအတွက် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ် (C&P Plan) တစ်ခုကို ရေးဆွဲစေရန်ဖြစ်ပါသည်။ C&P Plan ကို ရေးဆွဲရာတွင် ADB သည် အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဖွဲ့ကို ဦးဆောင်စေပြီး အကျိုးစီးပွား ဆက်နွယ်သူများနှင့် တိုင်ပင် ဆွေးနွေးပွဲများကျင်းပခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ADB ဝန်ထမ်းများ၊ အတိုင်ပင်ခံအရာရှိများ၊ မြန်မာနိုင်ငံတော်အစိုးရတို့နှင့် တွဲဖက်လုပ်ကိုင်ပြီး ADB ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်သော စီမံကိန်းများအားလုံးတွင် အရပ်ဘက် လူမှု အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရေးအတွက် အကြံပြုတိုက်တွန်းချက်များကို ဖြစ်ထွန်းစေခဲ့ပါသည်။ ယင်း ကျွမ်းကျင်သူအဖွဲ့သည် ADB မဟာဗျူဟာနှင့် စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းအခြေပြုလုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း နယ်စပ် ဒေသများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံ အတွင်းရှိ ကျယ်ပြန့်လှသော အကျိုးစီးပွား ဆက်နွယ်သူ များကို တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ အကျိုးစီးပွား ဆက်နွယ်သူများ သတ်မှတ်ခြင်းနှင့် ဆန်းစစ် လေ့လာခြင်း၊ ကျေးရွာ အဆင့် တိုင်ပင်ဆွေးနွေးမှုများတွင် ကူညီခြင်း စသည်တို့ဖြင့် ယင်းအဖွဲ့သည် ADB အရာရှိများကို ပံ့ပိုးပေးခဲ့ပါသည်။ အဆိုပါ နှစ်နှစ်တာစီမံကိန်းသည် မူဝါဒဆိုင်ရာ၊ မဟာဗျူဟာဆိုင်ရာ၊ ကဏ္ဍအလိုက် ဆန်းစစ်မှုများ၊ စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းတို့တွင် ADB နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မှုကို ပံ့ပိုးပေးခဲ့ပါသည်။

ADB ၏ နိုင်ငံတော်အဆင့် မူဝါဒများ၊ မဟာဗျူဟာများ ရေးဆွဲရာနှင့် ပြန်လည်ဆန်းစစ်ရာတွင် အခြား အဓိကကျသော အတွင်း၊အပြင် အကျိုးစီးပွားဆက်နွယ်သူများအနက် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို တက်ကြွစွာ တိုင်ပင်ဆွေးနွေးခဲ့ပြီး ADB ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်သော စီမံကိန်း များစွာတို့၏ ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းတို့တွင် ပါဝင်ပတ်သက် စေခဲ့ ပါသည်။

## ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ဂျပန်နိုင်ငံ၏ ရန်ပုံငွေ

ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် ဂျပန်နိုင်ငံ၏ ရန်ပုံငွေ (JFPR) သည် ၂၀၀၀ ခုနှစ် မေလတွင် ဂျပန်အစိုးရနှင့် ADB တို့ထူထောင်ခဲ့သော နှောင်ကြိုးမဲ့ အကူအညီပေးရေး အစီအစဉ်တစ်ခုဖြစ်သည်။ ၂၀၁၃ ခုနှစ် ဇွန်လအရ ADB၏ ဖွံ့ဖြိုးဆဲ အဖွဲ့ဝင်နိုင်ငံများအတွက်ရနိုင်သော စုစုပေါင်း JFPR ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၆၁၅.၄ သန်းရှိသည်။[31] ADB သည် ထောက်ပံ့သည့်စီမံကိန်းပေါင်း (grant project) ၁၅၈ ခု (အမေရိကန်ဒေါ်လာ ၄၂၂ သန်းတန်ဖိုး)နှင့် နည်းပညာဆိုင်ရာအကူအညီ စီမံကိန်းပေါင်း ၁၂၄ ခု (အမေရိကန်ဒေါ်လာ ၁၂၈.၁ သန်းဖိုး)ကို အတည်ပြုပြီးဖြစ်သည်။

ADB အနေဖြင့် လူ့အဖွဲ့အစည်းအတွင်း အနွမ်းပါးဆုံးနှင့် ထိခိုက်အလွယ်ဆုံးအပိုင်းတွင် ရှိသူများ ကိုယ့်အားကိုယ်ကိုး နိုင်စေရန်၊ ဝင်ငွေဖော်ဆောင်နိုင်စေရန် စွမ်းဆောင်ရည်များမြှင့်တင်ခြင်း တိုက်ရိုက် ထောက်ပံ့မှုများပြုရာတွင် JFPR က ကူညီလျက်ရှိသည်။ တိတိပပဆိုရလျှင် JFPR သည် သက်ရောက်ခံရသောနိုင်ငံများ၏ အခြေအနေတိုးတက်လာစေရန် အလားအလာ ကောင်းသော တီထွင် ဆန်းသစ်သည့် အစီအစဉ်များကို ဦးဆောင် စတင်ပြီးပံ့ပိုးပေးခြင်း၊ ဖွံ့ဖြိုးပြီးရေရှည်တွင် တည်တံ့နိုင်သော ရှေ့ဆောင်အစီအစဉ်များမှတဆင့် အလျှင်အမြန်ဖြစ်ထွန်းပြီး လက်တွေ့ပြနိုင်သော အကျိုးကျေးဇူးများကို ပေါ်ပေါက်စေခြင်း၊ စီမံကိန်းများကို ဒေသခံလူများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများ ကိုယ်တိုင် ပုံစံထုတ်အကောင်အထည်ဖော်နိုင်အောင် ကူညီခြင်း စသည်တို့ကို ဆောင်ရွက် ပေးလျက်ရှိသည်။

မြန်မာနိုင်ငံအစိုးရနှင့် ADB တို့သည် ကျေးလက် ဆင်းရဲနွမ်းပါးမှု လျော့ချခြင်းကို ကူညီရန် ၊ ထိခိုက်လွယ် သောအုပ်စုများနှင့် ဝေးလံခေါင်သီသော ဒေသများသို့

HIV/AIDS ဆိုင်ရာ ဝန်ဆောင်မှုများဖြန့်ကျက်ရန်၊ မြို့ပြဒေသများတွင် နွမ်းပါးသူများအတွက် ရည်ရွယ်သော လူ့အဖွဲ့အစည်း အခြေခံအဆောက်အအုံများ၊ အခြေခံ ဝန်ဆောင်မှုများ ပံ့ပိုးဖော်ဆောင် ပေးရန်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဂျပန်နိုင်ငံ၏ရန်ပုံငွေမှတဆင့် ဂျပန်အစိုးရကပံ့ပိုးသော အထောက်အပံ့ဆိုင်ရာ သဘောတူညီမှု ၃ ခုကို လက်မှတ်ရေးထိုး ထားကြသည်။ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေပိုမိုကောင်းမွန်လာစေရေး အထောက်အပံ့ (အမေရိကန် ဒေါ်လာ ၁၂ သန်း) ကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၅ ခုရှိ မြို့နယ် ၆ ခုတွင် အကောင်အထည် ဖော်ဆောင်လျက်ရှိသည်။ မဟာမဲခေါင်ဒေသခွဲ (GMS) HIV/AIDS ကာကွယ်ရေးဆိုင်ရာ အထောက်အပံ့ (အမေရိကန်ဒေါ်လာ ၁၀ သန်း)ကို ထိုင်းနိုင်ငံနယ်စပ်အနီး စီးပွားရေးစင်္ကြံ တစ်လျှောက် အန္တရာယ်ကျရောက်နိုင်သော လူအုပ်စုများအတွက် ဦးတည် ဆောင်ရွက်သည်။ နွမ်းပါးသူများ အတွက် ဦးတည်သော လူ့အဖွဲ့အစည်း အခြေခံ အဆောက်အအုံများ၊ အခြေခံဝန်ဆောင်မှုများ ပံ့ပိုးဖော်ဆောင်ပေးရေး အထောက်အပံ့ (အမေရိကန် ဒေါ်လာ ၄ သန်း) သည် ရန်ကုန်နှင့်မန္တလေးမြို့ များရှိ နွမ်းပါးသော လူ့အဖွဲ့အစည်းများအတွက် ရေမိလ္လာစနစ် နှင့် အခြားမြို့ပြဝန်ဆောင်မှုများကို ပံ့ပိုး ပေးလျှက် ရှိသည်။

ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေပိုမိုကောင်းမွန်လာစေရေး အထောက်အပံ့ကို ၂၀၁၄ နှစ်ဦးပိုင်းတွင် စတင်အကောင်အထည် ဖော်ဆောင်ခဲ့သည်။ စီမံကိန်း တာဝန်ယူဆောင်ရွက်မည့် အေဂျင်စီဖြစ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန နှင့် ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်မည့် ဤ စီမံကိန်းသည် မြို့နယ် ၆ မြို့နယ်ရှိ ကျေးရွာအုပ်စု ၉၆ စုတွင် လူထုမှ စီစဉ်ပြီး အကောင်အထည် ဖော်မည့် ၃ နှစ်တာ စီမံကိန်းများကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ဒေသအလိုက်တည်ရှိမည့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးယူနစ်များသည် မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာအဆင့် အရာရှိများ၊ လူ့ အဖွဲ့အစည်းဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စသည်တို့နှင့် လက်တွဲပြီး ဒေသအဆင့်တွင် ကိုယ်စားပြုခွင့် နည်းပါး နေသောအုပ်စုများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှု ပိုမို ကျယ်ပြန့်လာစေရေး၊ ကျေးရွာ၊ ကျေးရွာအုပ်စုအဆင့်တွင် အများပူးပေါင်းပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ပေါ်ပေါက်လာစေရေးတို့ကို လုပ်ဆောင်လျှက်ရှိသည်။

ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေပိုမိုကောင်းမွန်လာစေရေး အထောက်အပံ့၏ အဓိကကျသောအစိတ်အပိုင်းတစ်ခုမှာ လူထုဗဟိုပြုချဉ်းကပ်ပုံကို အသုံးပြုပြီး လမ်းများ၊ဆိပ်ကမ်းများ၊ ရေနှင့် ဆည်မြောင်းအဆောက်အအုံများ၊ ကျောင်းများ၊ လူထု ကျန်းမာရေးဌာနများ စသည့် ကျေးရွာအခြေခံ အဆောက်အအုံများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ ငါးပုဇွန် မွေးမြူရေး၊ မွေးမြူရေး သားဖောက်လုပ်ငန်း၊ ကြက်သွန်ဖြူနှင့် ငရုတ်သီးအပါအဝင်ရောင်းချရန် အသီးအနှံများ စသည်တို့ဖွံ့ဖြိုးလာပြီးဝင်ငွေရနိုင်သည့်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန် ဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်းမှ ပေးအပ်သော အထောက်အပံ့များဖြင့် လူထု၏ လိုအပ်ချက်များကို ရှာဖွေခြင်း၊ ဦးစားပေး သတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကျေးလက်လူထုကို ထိုစီမံကိန်းမှ တိုက်ရိုက်အကျိုးကျေးဇူးရရှိစေပြီး လူထု လိုအပ်ချက်များကို လူထု ဆုံးဖြတ်ချက်ဖြင့် သုံးစွဲနိုင်သော တစုတစည်းတည်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည်။ ဤစီမံကိန်းနှင့် ပတ်သက်၍ ADB သည် နိုင်ငံတွင်းနှင့် ဒေသတွင်းရှိ မြန်မာ အရပ်ဘက်လူမှု အဖွဲ့အစည်းများစွာတို့နှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး အကောင်အထည်ဖော်စဉ် ကာလတွင်လည်း ထပ်မံ ဆွေးနွေးတိုင်ပင် ဆောင်ရွက်သွားမည်ဖြစ်သည်။

HIV/AIDS တားဆီးကာကွယ်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း အထောက်အပံ့တွင် ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၄၇ ခု ဆောက်လုပ်ရန်၊ မြို့နယ်အဆင့် ဆေးရုံ ၃ ရုံကို မွမ်းမံပြင်ဆင်ရန်၊ ဆေးဝါးကုသမှုဆိုင်ရာကိရိယာများ နှင့် လေ့ကျင့်သင်ကြားမှုများ ပံ့ပိုးပေးရန် စသည် တို့ ပါဝင်သည်။ မြန်မာနိုင်ငံရှိ လူပေါင်း ၂၀၀၀၀၀ ခန့်တွင် HIV ပိုးရှိသည်ဟု ခန့်မှန်းရသည်။ JFPR အထောက်အပံ့သည် ရွှေ့ပြောင်းအလုပ်သမားများနှင့် ရွှေ့လျားနေထိုင်သော

လူထုများကို ဆွဲဆောင်နေသော အခွင့်အလမ်းများ တည်ရှိရာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ အလျင်အမြန် ဖွံ့ဖြိုးလာနေသော စီးပွားရေး စင်္ကြံလမ်းကြောင်းတစ်လျှောက်နှင့် ရှမ်းပြည်နယ်များတွင် ကျန်းမာရေးနှင့် HIV/AIDS ဆိုင်ရာဝန်ဆောင်မှုများ အရည်အသွေးမြင့်မားလာစေရန်နှင့် ယင်းတို့ကို လူထုတိုးမြင့်ရယူ သုံးစွဲနိုင်စေရန် ဆောင်ရွက်မည်ဖြစ်သည်။ ဝန်ဆောင်မှုများ အနည်းငယ်သာရရှိသော ယင်းနေရာဒေသ များတွင် ရွှေ့လျားနေထိုင်သောလူထုသာမက ဒေသခံလူထုများသည် HIV/AIDS အပါအဝင် ကူးစက်ရောဂါများ အန္တရာယ်ကို မြင့်မားစွာတွေ့ကြုံရလျှက်ရှိသည်။

## ADB ၏ ရှေ့ဆောင်လှုပ်ရှားမှုများအပေါ် NGO များ၏စိုးရိမ်မကင်းဖြစ်မှုများ

သမိုင်းကြောင်းအရ တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခ၊ ဘာသာရေးဆိုင်ရာပဋိပက္ခ၊ လျော့ရဲသောအုပ်ချုပ်မှုရှိရာဒေသများရှိ ADB ငွေကြေး ထောက်ပံ့မှုဖြင့် ဆောင်ရွက်သော စီမံဆဲနှင့် အတည်ပြုပြီးလုပ်ငန်းများအပေါ်၊ လုပ်ငန်းဆောင်ရွက်သည့် ရှုပ်ထွေးသော ပတ်ဝန်းကျင်ကို ပြည့်ဝစွာ နားလည်သဘောပေါက်မှု မရှိခြင်းအပေါ်၊ မြန်မာနိုင်ငံအတွက် သင့်လျော်သော ပဋိပက္ခဂရုပြုချဉ်းကပ်ပုံကို ထည့်သွင်း အသုံးပြုရေးအပေါ် စိုးရိမ်ကြောင့်ကြမှုများရှိကြောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အကျိုးစီးပွားဆက်နွယ်သူများက ထုတ်ဖော်ပြောဆိုကြပါသည်။ ယင်းတို့ကို တုံ့ပြန်သည့်အနေဖြင့် ADB သည် မြန်မာနိုင်ငံအတွက်သီးသန့်ပဋိပက္ခဂရုပြုမဟာဗျူဟာကို ရေးဆွဲနေပြီး စီမံကိန်းပုံစံနှင့် အကောင်အထည်ဖော်ပုံများကို အသိပေးရန် အကျိုးစီးပွားဆက်နွယ်သူများ အသေးစိတ် စာရင်းပြုစုရာတွင် ကျွမ်းကျင်သူများ၊ မတူကွဲပြားသော ဖယ်ကျဉ်ထားခြင်းခံရသော အကျိုးစီးပွားဆက်နွယ်သူများနှင့် ကျယ်ပြန့်စွာ ဆွေးနွေးတိုင်ပင်မှုများ ပြုခဲ့ပါသည်။ ADB သည် မဏ္ဍိုင်သုံးခုပါဝင်သော ပဋိပက္ခဂရုပြု မဟာဗျူဟာကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်လျှက်ရှိပါသည်။ ယင်းမဟာဗျူဟာသည် ရှုံးချုပ်နှင့် မြန်မာနိုင်ငံ၌နေရုံး အခြေစိုက်ဝန်ထမ်းများကို ပဋိပက္ခအကဲဖြတ်ချဉ်းကပ်ပုံများနှင့် ပတ်သက်၍ သင်တန်းများပေးရန်၊ ပိုမိုသိမြင်နားလည်လာအောင် ဆောင်ရွက်ခြင်းများပြုရန်၊ ပဋိပက္ခကို ဂရုပြုသော အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း ပူးပေါင်း ဆောင်ရွက်ခြင်း မဟာဗျူဟာကိုဖော်ဆောင်ရန်၊ ADB စီမံကိန်းများကို ပြန်လည်သုံးသပ်ရန်နှင့် ရှိရင်းစွဲတင်းမာမှုများကို လျော့နည်း စေသော၊ ပိုမိုဆိုးရွားမှုကို ရှောင်ရှားနိုင်သော ဖွံ့ဖြိုးရေးစီမံကိန်းများကို ပံ့ပိုးနိုင်ရန် ဆန်းစစ်မှုနည်းလမ်း များကို အသုံးပြုရန် ရည်ရွယ်ပါသည်။

ဖွံ့ဖြိုးမှုရလဒ်များ အကောင်းဆုံးဖြစ်ပေါ်လာစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊ သတင်း အချက်အလက်နှင့်ဝန်ဆောင်မှုများ ဒေသခံများဆီသို့ ပို့ဆောင်ပေးခြင်းနှင့် ဒေသတွင်း ပါဝင်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာစေရန်၊ ပူးပေါင်းဆောင်ရွက်မှု ရလာဒ်ကောင်းများ ထွက်ပေါ်စေရန် တို့အတွက် ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်အတွင်းရှိ စီမံကိန်းများတွင် လုပ်ဆောင်မှုများကို ညှိနှိုင်း ဆောင်ရွက်ရန်၊ သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများ ဒေသခံများဆီသို့ ပို့ဆောင်ပေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျဖော်ဆောင်ရန်အတွက် ADB သည် အဖွဲ့အစည်းအတွင်း လုပ်ငန်းဆောင်ရွက်မှုစနစ်တစ်ခုကို ဖန်တီးခဲ့ပါသည်။

အခြားစိုးရိမ်ပူပန်မှုများမှာ စီမံကိန်းနှင့် ကဏ္ဍများအလိုက် ADB ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်သော စီမံကိန်းများတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အချိန်မှီ တိုင်ပင်ဆွေးနွေးမှုများ၊ ပါဝင် ဆောင်ရွက်ခွင့်များမရှိခြင်းနှင့် သက်ဆိုင်ပါသည်။ အထူးသဖြင့် စီမံကိန်းရေးဆွဲခြင်းနှင့် ဖြစ်နိုင်ခြေဆန်းစစ်သော အဆင့်များတွင် ယင်းသို့ဖြစ်ပေါ်နေခြင်းသည် စီမံကိန်းတစ်ခုလုံးတွင် ညှိနှိုင်း လုပ်ကိုင်ခြင်းနှင့် အကျိုးရလဒ်ပိုင်းများကို ထိခိုက်စေပါသည်။[32]

စွမ်းအင်၊ခရီးသွားလုပ်ငန်း၊ နိုင်ငံအလိုက်အကာအကွယ်အစီအစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ အခြေခံကျသော လေ့လာမှုများဖြစ်သည့် နိုင်ငံအခြေအနေဆန်းစစ်လေ့လာမှု၊[33] နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ရေးယာယီဗျူဟာစသည့် ADB၏ အစိုးရနှင့်ဆက်စပ်သော မူဝါဒပိုင်း ဆိုင်ရာ လုပ်ငန်းများတွင် ထင်ရှားစွာဖြင့် ကနဦးပိုင်းတွင် ပါဝင်ခွင့်ကို လိုလားကြောင်း အရပ်ဘက် လူမှုအဖွဲ့အစည်းများက ထုတ်ဖော်

ပြောဆိုကြပါသည်။ ADB နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ ထိတွေ့ ဆက်ဆံရေးအတွက်စီစဉ်ရာတွင် အဖွဲ့အစည်းမျိုးစုံ အထူးသဖြင့် စီမံကိန်း၏ထိခိုက်မှုကို ခံရသောသူများနှင့် ရန်ကုန်ပြင်ပမှ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၏ စွမ်းရည်နှင့်အရင်းအမြစ် အခြေအနေကို ထည့်သွင်းစဉ်းစားရန် ဒေသခံအဖွဲ့အစည်းများက တိုက်တွန်းပြောဆိုကြပါသည်။ သို့သော်လည်း တခါတရံတွင် မူဝါဒများနှင့် စီမံကိန်းအဆင့် သတင်း အချက်အလက်များသည် အလွန်အမင်း နည်းပညာဆန်သောကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ရယူသုံးစွဲနိုင်ရန် မဖြစ်နိုင်ကြောင်းလည်း ယင်းတို့က အသိအမှတ်ပြုကြပါသည်။

ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများသည် အလျင်အမြန်တိုးပွားလာနေလျက်ရှိပြီး မူဝါဒဆိုင်ရာ၊ စီမံကိန်း ရေးဆွဲရေး၊ အကောင်အထည်ဖော်ဆောင်ရေး၊ စောင့်ကြည့်ခြင်းများတွင် ထိတွေ့ဆောင်ရွက်ရန် အစိုးရနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လက်ခံနိုင်သော စွမ်းရည်ထက် အလွန်အမင်း များပြားနေသည်ကို အရပ်ဘက် လူမှုအဖွဲ့အစည်းများက စိုးရိမ်ပူပန်ကြပါသည်။ အလှူရှင်များ အနေဖြင့် အလျင်အမြန်ပြသနိုင်သော အောင်မြင်မှုရလဒ်များထက် အကျိုးစီးပွား ဆက်နွယ်သူ အုပ်စုများအားလုံးအကြား ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများအပေါ် ပိုမိုအာရုံစိုက်ကြရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက တိုက်တွန်းပြောဆိုကြပါသည်။

နောက်ဆုံးအနေဖြင့်သီးခြားဖြစ်သော်လည်း အချင်းချင်းဆက်စပ်နေသော ကိစ္စရပ်နှစ်ခုကို အထူးတလည် အာရုံစိုက်ရန် ADBနှင့်တကွ အခြားအဓိကဖွံ့ဖြိုးရေးအေဂျင်စီများကို ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများက အလေးအနက် တောင်းဆိုကြပါသည်။ ပထမတစ်ခုမှာ ဝန်ဆောင်မှုများ ဖန်တီးပေးအပ်ရာတွင် ပေါင်းဆုံမှုဖြစ်ပြီး ဒုတိယတစ်ခုမှာ ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အပံ့များသည် လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်စေခြင်း မရှိစေရန် ဖြစ်ပါသည်။ အချို့သော ပဋိပက္ခရှိသည့်ဒေသများတွင် အလှူရှင်များ၏ အထောက်အပံ့ဖြင့် အစိုးရ၏ ဝန်ဆောင်မှုများ ချဲ့ထွင်ခြင်းသည် အများအားဖြင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့သော အုပ်စုများ အစဉ်အဆက်လုပ်ကိုင်လာသော ဝန်ဆောင်မှု လုပ်ငန်းများကို အစားထိုး ဝင်ရောက်သကဲ့သို့ ဖြစ်စေပြီး ယင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်စေပါသည်။ တချိန်တည်းမှာပင် အလှူရှင်များ၏ ဦးစားပေးအစီအစဉ်များ ပြောင်းလဲ သွားသည်နှင့် အစဉ်အဆက် လုပ်ကိုင်လာခဲ့သော ဝန်ဆောင်မှုပုံစံများကို ပံ့ပိုးမှုများ လွင့်ပါး သွားတတ်သည်ကိုလည်း တွေ့မြင်နေကြရပါသည်။[34]

## ကိုးကား


Asia Foundation. 2014. *Ethnic Conflict and Social Services in Myanmar's Contested Regions.* Yangon.

Heidel, B. 2006. *The Growth of Civil Society in Myanmar.*
Bangalore.

Institute for Human Rights and Business. 2013. *Responsible Investment in Myanmar: The Human Rights Dimensions.* London.

International Commission of Jurists. 2013. *Right to Council: The Independence of Lawyers in Myanmar.* Bangkok.

Norwegian Peacebuilding Resource Center. 2014. *Developing Relations: Political Parties and Civil Society in Myanmar.* Myanmar.

Prasse-Freeman, E. 2012. Power, Civil Society, and an Inchoate Politics of the Daily in Burma/Myanmar. *The Journal of Asian Studies.* 71 (2).

Swisspeace and Shalom (Nyein) Foundation. 2014. *Catalyzing Reflection: Civil Society Contributions to Myanmar's Peace Process.* Yangon.

Transnational Institute, Burma Center Netherlands. 2011. *Civil Society Gaining Ground: Opportunities for Change and Development in Burma.* Amsterdam.

United Nations Human Rights Council. 2014. *Report of the Special Rapporteur on the Situation of Human Rights in Myanmar* (UN Doc A/HRC/25/64, 2 April). Geneva.

## ရည်ညွှန်းချက်များ


[1] Transnational Institute and Burma Center Netherlands. 2011. *Civil Society Gaining Ground: Opportunities for Change and Development in Burma.* Amsterdam. pp. 6–12.

[2] B. Heidel. 2006. *The Growth of Civil Society in Myanmar.* Bangalore. p. 43.

[3] The International Center for Not-for-Profit Law. 2014. *NGO Law Monitor: Myanmar* (Burma). http://www.icnl.org/research/monitor/Myanmar.html (accessed 21 August 2014).

[4] See endnote 2, p. 11.

[5] Adapted from Thein Swe, ADB. Report of Government–CSO Relations: Opportunities for Collaboration. Unpublished; see also Transnational Institute and Burma Center Netherlands. 2011. *Civil Society Gaining Ground: Opportunities for Change and Development in Burma.* Amsterdam.

[6] Asia Foundation. 2014. *Ethnic Conflict and Social Services in Myanmar's Contested Regions.* Yangon. p. 7 (citing author interviews with Kachin Independence Organization leaders in September 2013, New Mon State Party leaders in September 2013, Restoration Council of Shan State leaders in November 2013, Karen National Union leaders in June and July 2013, and a former New Mon State Party leader in March 2014).

[7] See endnote 6, p. 16.

[8] See endnote 3. p. 10.

[9] Government of Myanmar. 2013. *The Nay Pyi Taw Accord for Effective Development Cooperation* (committing the government to consulting with civil society on development priorities and plans and creating an enabling environment for civil society contribution to policy formulation, budgetary processes, & delivery of services at the grassroots level. NayPyiTaw.

[10] Human Rights Watch. 2014. *Dispatches: Burma Backsliding on Media Freedom.* http://www.hrw.org/news/2014/06/30/dispatches-burma-backsliding-media-freedom

[11] Myanmar People Forum Working Group. 2014. *Civil Society Plan Regional People's Forum in Every State, Division.* Yangon; Yen Snaing. 2014. Civil Society Plans 'Regional People's Forum' in Every State, Division. *The Irrawaddy.* 17 June. http://www.irrawaddy.org/ burma/civil-society-plans-regional-peoples-forum-every-state-division.html

[12] Norwegian Peacebuilding Resource Center. 2014. Developing Relations: Political Parties and Civil Society in Myanmar. p. 5.

[13] E. Prasse-Freeman. 2012. Power, Civil Society, and an Inchoate Politics of the Daily in Burma/Myanmar. *The Journal of Asian Studies.* 71 (2). p. 382.

[14] Ja Nan Lahtaw, Nang Raw Zahkung, and Nang Shan Lahpai. 2014. Civil Society Contributions to Myanmar's Peace Process. *Catalyzing Reflection.* Yangon: Swisspeace and Shalom (Nyein) Foundation. p. 10.

[15] See endnote 14, pp. 16–17 for a list of local organizations supporting the peace process.

[16] See endnote 14, pp. 13–15.

[17] United Nations Human Rights Council. 2014. *Report of the Special Rapporteur on the Situation of Human Rights in Myanmar* (UN Doc A/HRC/25/64, 2 April). Geneva.

[18] Human Rights Watch. 2014. *World Report: Burma Country Summary.* New York. p. 3.

[19] United Nations. 2014. Situation of Human Rights in Myanmar: Report of the Special Rapporteur on the Situation of Human Rights in Myanmar (A/69/398, 23 September). http://www.ohchr.org/EN/newyork/Pages/HRreportstothe69thsessionGA.aspx; see also Statement of the United Nations Special Rapporteur on the Situation of Human Rights in Myanmar, 26 July 2014.

[20] Government of Myanmar. 2014. Annex 1 of *Myanmar: Amended Right to Peaceful Assembly and Procession Law,* Annex 1 (unofficial translation of Pyidaungsu Hluttaw Law No. 26/2014, 24 June). Article 19. http://www.article19.org/data/files/medialibrary/37666/14-08-01-LA-myanmar-assembly.pdf

[21] Government of Myanmar. 2011. Pyidaungsu Hluttaw. *The Right to Peaceful Assembly and Peaceful Procession Act* (The Pyidaungsu Hluttaw Law No. 15/2011, 2 December). http://www.burmalibrary.org/docs15/2011-Peaceful_Assembly_and_Procession_Act-en.pdf

[22] The International Center for Non-Profit Law. 2014. *NGO Law Monitor* (Myanmar). http://www.icnl.org/research/monitor/Myanmar.html

[23] Government of Myanmar. 2014. *Printing and Publishing Enterprise Law.* http://www.article19.org/data/files/medialibrary/3679/Printing-and-Publishing-Enterprise- Law-Bill.pdf (non-official translation).

[24] Government of Myanmar. 2014. *Media Law.* http://www.burmalibrary.org/docs17/2014-Media_Law- en.pdf (non-official translation).

[25] See endnote 12.

[26] In his 2013 report to the Human Rights Council (UN Doc. A/HRC/22/58, 17 April 2013), the UN Special Rapporteur on the situation of human rights in Myanmar, Tomás Ojea Quintana, noted seeing no evidence that the judiciary is developing any independence from the Executive (para. 63) and expressed continued concern over information he received of ongoing intimidation of lawyers by state officials and arbitrary revocation of licenses (para. 67).

[27] International Commission of Jurists. 2013. *Right to Council: The Independence of Lawyers in Myanmar.* Bangkok. p. 15.

[28] Ministry of President's Office (3). 2014. Myanmar Application for Candidacy from EITI. http://eiti.org/files/ MEITI-application.pdf

[29] See endnote 3, p. 38.

[30] Prominent examples of external support for civil society capacity building: United Nations Development Programme support to strengthen the institutional capacity of civil society and media institutions to coordinate and engage public and private sectors in the provision of public services; British Council's Active Citizens program; USAID Human Rights and Rule of Law; and Open Society Foundation Burma Project.

[31] All currencies are in US dollars.

[32] Interviews with Myanmar local NGO staff in Yangon involved in TA 8289: Strengthening Civil Society Participation in ADB-Financed Operations, 2013–2014.

[33] ADB. 2014. *Myanmar: Unlocking the Potential.* Manila.

[34] See endnote 8, p. iii


အေဒီဘီ၏ မြန်မာနိုင်ငံတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ပိုမိုသိလိုပါက အောက်ပါလင့်ခ်တွင် လေ့လာနိုင်ပါသည်။

www.adb.org/countries/myanmar; www.adb.org/publications/myanmar-fact-sheet

## အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစည်းလုပ်ဆောင်ခြင်း ရည်ရွယ်ချက် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ယင်းထံမှ ငွေချေးယူသူများနှင့် အလုပ်အပ်နှံသူများအတွက် အရေးပါသော အကျိုးစီးပွားဆက်နွယ်ပတ်သက်သူဖြစ်ပါသည်။ ယင်းသည် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ တို့မှ ခြားနားပြီး မတူကွဲပြားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အကျိုးအမြတ်ဦးမတည်သော အဖွဲ့အစည်းများစသည်တို့ ပါဝင်သည်။ ယင်းတို့သည် တူညီသော အကျိုးစီးပွားများ၊ ဦးတည်ချက်များ၊ အမျိုးမျိုးသောတန်ဖိုးများ စသည်တို့ကို အခြေခံ၍ လုပ်ငန်းများလုပ်ဆောင်ကြသည်။ ယင်းတွင် မတူကွဲပြားသော အဖွဲ့အစည်းများ ပါဝင်ကြပြီး ပုံစံတကျဖွဲ့စည်းထားခြင်းမဟုတ်သော ရပ်ရွာလူထုအဖွဲ့အစည်းများမှအစ ကြီးမားသော နိုင်ငံတကာ အလုပ်သမားသမဂ္ဂအဖွဲ့များအထိပါဝင်သည်။ ADB အတွက် အထူးတလည်အရေးပါသောအဖွဲ့များမှာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ နှင့် ပြည်သူလူထုကိုယ်စားပြု အဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကျွမ်းကျင်မှုဆိုင်ရာအလိုက်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ သုတေသန အဖွဲ့အစည်းများ နှင့် တက္ကသိုလ်များ၊ အလုပ်သမားသမဂ္ဂများ၊ လူထုအဖွဲ့အစည်းများ၊ လူထုလှုပ်ရှားမှုများ၊ ညွန့်ပေါင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်များ နှင့် လွှမ်းခြုံ သက်ရောက်မှုရှိသော အဖွဲ့အစည်းများတို့ဖြစ်ကြသည်။[a] ADBသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ယင်းတို့ကိုယ်တိုင်အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ဆောင် နေသောသူများအဖြစ် အသိအမှတ်ပြုထားပါသည်။ ယင်းတို့၏ လုပ်ဆောင်မှုများသည် အစိုးရ နှင့် ပုဂ္ဂလိကကဏ္ဍ၏ လုပ်ဆောင်မှုများကို ဖြည့်စွက်ပေးပြီး အာရှနှင့် ပစိဖိတ်ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်းလည်း အသိအမှတ်ပြုပါသည်။ ADB သည် အမျိုးမျိုးသော အခြေအနေများတွင် စီမံကိန်းများကို ပုံစံထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ပတ်သက်သော မူဝါဒဆိုင်ရာနှင့် နိုင်ငံတော်အဆင့် ဗျူဟာချမှတ်ခြင်းဆိုင်ရာအဆင့် တိုင်ပင်ဆွေးနွေးပွဲများမှတဆင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အပြန်အလှန် ဆက်ဆံလုပ်ဆောင် ခဲ့သော ရှည်လျားသည့် အစဉ်အလာလည်းရှိခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် ADB သည် မဟာဗျူဟာ ၂၀၂၀[b] ကို စတင်ခဲ့ပါသည်။ ယင်းတွင် ADB ၏ ၂၀၂၀ ခုနှစ် မတိုင်မီအထိ အနာဂတ်ဦးတည်ရာ နှင့် အနာဂတ်အမြင်တို့ကို ဖော်ပြထားပါသည်။ မဟာဗျူဟာ ၂၀၂၀ တွင် ADB ၏ လုပ်ငန်းများကို လမ်းညွှန်ရန် အချင်းချင်းအပြန်အလှန်ဖြည့်စွက်သည့် မဟာဗျူဟာ ဆိုင်ရာအစီအစဉ် ၃ ခုကို တင်ပြထားပါသည်။ ယင်းတို့မှာ- အလုံးစုံပါဝင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်အရ အစဉ်တည်တံ့သောဖွံ့ဖြိုးမှုနှင့် ဒေသတွင်း ပေါင်းစည်းရေး တို့ဖြစ်ကြပါသည်။ အဆိုပါ အစီအစဉ်များသည် ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျော့ချရာတွင် ဖွံ့ဖြိုးမှုနှုန်းသာမက ဖွံ့ဖြိုးမှု အသွင်သဏ္ဍာန်ကပါ အရေးပါကြောင်း အသိအမှတ်ပြုမှုကို ထင်ဟပ် စေပါသည်။ ဤမဟာဗျူဟာဆိုင်ရာ နောက်ခံ အခြေအနေအသစ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် များစွာသော အဖွဲ့အစည်းများနှင့် မိတ်ဖွဲ့ဆောင်ရွက်ခြင်းသည် ADB ၏ စီမံကိန်းများကို ကြိုတင်ပြင်ဆင်ခြင်း၊ ငွေကြေးပံ့ပိုးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းတို့ ဆောင်ရွက်ရာတွင် အဓိကကျသော နေရာမှပါဝင်လာပါလိမ့်မည်။

a ADB. 2012. Strengthening Participation for Development Results. Manila.

b ADB. 2008. Strategy 2020: The Long-Term Strategic Framework of the Asian Development Bank, 2008–2020. Manila.

မြန်မာဌာနေကိုယ်စားလှယ်ရုံး
နေပြည်တော်
အကွက်-၂၅၃
သပြေကုန်းမြို့နယ်
နေပြည်တော်, မြန်မာ
တယ်လီဖုန်း +၉၅ ၆၇ ၈၁၀ ၈၀၆၆ မှ ၈၀၆၉
ဖက်စ် +၉၅ ၆၇ ၈၁၀ ၈၀၇၀

ရန်ကုန်
Union Business Center
အခန်း ၀၃၁၀၊ သုံးလွှာ
နတ်မောက်လမ်း၊ ဘိုချုပ်ကွက်
ဗဟန်းမြို့နယ်၊ရန်ကုန်၊ မြန်မာ
တယ်လီဖုန်း +၉၅ ၁၈၆၀ ၃၄၃၃၊၃၄၃၅၊ ၃၄၅၅,
လိုင်းခွဲ ၄၀၃၆-၄၀၃၈
ဖက်စ် +၉၅ ၁၈၆၀ ၃၄၃၉
www.adb.org/countries/myanmar

ယခု အစီရင်ခံစာတွင် "$" မှာ အမေရိကန်ဒေါ်လာကို ရည်ညွှန်းခြင်းဖြစ်သည်။

© Asian Development Bank Publication Stock No. ARM147031-2 February 2015